နိဗ္ဗာန သစ္ဆိကိရိယာ စ ဧတံ မင်္ဂလ မုတ္တမံ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်၊ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာ ၂၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၁)၊ အမှတ်(၈၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်တည်ဆောက်ရေးအင်အားနှင့် နိုင်ငံတော်ကာကွယ်ရေးအင်အားများ စုစည်းပျိုးထောင်

ဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှသာ လူတစ်ဦးချင်း ဝင်ငွေလည်း တိုးတက်လာပြီး လူနေမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်သည်။ စီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပညာရေး၊ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသည် ဆက်စပ်လျက်ရှိရာ လူ့အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်နေရန် လိုအပ်သည်။ စီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့်လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဟန်ချက်ညီညီပေါင်းစပ်၍ နိုင်ငံတော် တည်ဆောက်ရေးအင်အားများ၊ နိုင်ငံတော်ကာကွယ်ရေးအင်အားများကို စုစည်းပျိုးထောင်သွားနိုင်ရမည်။

နိုင်ငံတော်အနေဖြင့် အခြေခံကျသော ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက်လည်းကောင်း၊ နယ်စပ်ဒေသများဖွံ့ဖြိုးရေးအတွက် လည်းကောင်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်၍ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ကွက်ပြည့်မျှတစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်းကောင်း စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

ဒေသတာဝန်ခံများသည် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်အောင်၊ မူလတန်းပညာအဆင့်သာမကဘဲ အထက်တန်းပညာ၊ အဆင့်မြင့်ပညာများ၊ အသက်မွေးဝမ်းကျောင်းပညာများ ဆက်လက်ဆည်းပူးနိုင်အောင်၊ နိုင်ငံအတွက်အားထားရသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ထွက်ပေါ်လာအောင် အားပေးပျိုးထောင်သွားကြရမည်။ ထို့ပြင် ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများဖြစ်လာအောင် ကျန်းမာရေးကဏ္ဍကိုလည်း မြှင့်တင်ပေးရန် လိုအပ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၁၉-၁-၂၀၀၃)ရက် မန္တလေးတိုင်း ဖွံ့ဖြိုးတိုးတက်ရေးခရီးစဉ်မိန့်ခွန်းမှ-

(၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါးနှင့်သမိုင်းပုံရိပ်လွှာ

"တပ်မတော်သည် နိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာပြန်လည်မဆုံးရှုံးစေရေးအတွက် နိုင်ငံကာကွယ်ရေးတာဝန်များအပြင် ကျရာကဏ္ဍမှ စွမ်းစွမ်းတမံ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်တို့မှာ ထင်ရှားသည့် သမိုင်းမော်ကွန်းများပင် ဖြစ်ပေတော့သည်။"

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး **"လွတ်လပ်ရေးကို ဤသို့ထိန်းသိမ်းကာကွယ်ခဲ့ရသည်"** ကို စာမျက်နှာ(၈ နှင့် ၉)တွင် ဆက်လက်ဖော်ပြထားပါသည်။

(မြန်မာ့အလင်း)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ထိုင်းနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၂၄

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr. Oum Maolanon အား ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တာဝန်ပြီးဆုံး၍ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး **Mr. Oum Maolanon** အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)



ယနေ့ထုတ်စောင်ရေ ၂၀၂၄၇၉

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်)

စက်မှုဇုန်များနှစ်စဉ်တိုးတက်မှုရရှိရေးကြိုးပမ်း အမီအခိုကင်းသည့်ထုတ်လုပ်မှုမျိုးဖြစ်ရန်စွမ်းဆောင်

နိုင်ငံတော်အစိုးရသည် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာစေရန် အရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်လျက် ရှိသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာရေး ကြိုးပမ်းဖော်ဆောင်ရာတွင် စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးသည် ပဓာနကျသည့်လိုအပ်ချက်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်းလုံးရှိ ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို စုစည်း၍ စက်မှုဇုန် ၁၈ဇုန်နှင့် စက်မှုဇုန်ခွဲများကို ထူထောင်ပေးခဲ့သည်။ စက်မှုဇုန်များတွင် ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်ပေါင်း ၇၀၀၀ခန့်သည် လုပ်ငန်းကဏ္ဍအလိုက် စက်မှုထုတ်ကုန် အမည်(အမယ်)မျိုးစုံကို ကြိုးပမ်းထုတ်လုပ်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်၏စက်မှုလက်မှု ကဏ္ဍအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် စက်မှုဇုန်များသို့ အခါမလပ် ကွင်းဆင်းသွားရောက်၍ လမ်းညွှန်မှုများ ပြုလျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာလ၂၀ရက်နေ့က ကျောက်ဆည်စက်မှုနယ်မြေရှိ ဆင်မင်း ဘိလပ်မြေစက်ရုံ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနအပ်ချုပ်စက်ရုံ၊ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း)၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံတို့ကိုလည်းကောင်း၊ ဒီဇင်ဘာလ၂၁ရက်နေ့က မန္တလေးစက်မှုဇုန်သို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မန္တလေးစက်မှုဇုန်သို့ရောက်ရှိစဉ် ကနောင်စက်မှုခန်းမ၌ မန္တလေးစက်မှုဇုန်(၁)နှင့်စက်မှုဇုန်(၂)တို့မှ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက လမ်းညွှန်ရာတွင်–

"ပစ္စည်းများကိုထုတ်လုပ်ရာ၌ ပြည်ပက သွင်းကုန်ပစ္စည်းများအပေါ် မှီခိုအားထားနေရမှုကို တစ်ဆင့်ပြီး တစ်ဆင့်လျှော့ချပြီး မိမိပြည်တွင်းဖြစ် ပစ္စည်းများဖြင့် အစားထိုးထုတ်လုပ်သွားနိုင်အောင် တီထွင်ကြံဆ ကြိုးစားသွားကြရန်ဖြစ်ကြောင်း၊ ခေတ်မီစက်ကိရိယာများဖြင့် ခေတ်မီကုန်ထုတ်လုပ်မှု နည်းစဉ်များ ပြောင်းလဲကျင့်သုံးလာမှုနှင့်အတူ ရာနှုန်းပြည့် အမီအခိုကင်းသည့် ထုတ်လုပ်မှုမျိုးဖြစ်အောင် ရည်မှန်းချက်ထားရှိရမှာဖြစ်ကြောင်း"

မှာကြားသည်။

သိပ္ပံပညာ၏ တီထွင်ဆန်းသစ်မှုများကြောင့် ကမ္ဘာကြီးသည် အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ စက်မှုဇုန်များကလည်း ပိုမိုတိုးတက်မှုများရရှိလာစေရန် ကြိုးပမ်းသွားရမည်ဖြစ်သည်။

ယင်းသို့ကြိုးပမ်းဆောင်ရွက်ရာ၌ ပစ္စည်းအမည်(အမယ်)သစ်များ တိုးချဲ့ထုတ်လုပ်နိုင်ရန် လိုအပ်သကဲ့သို့ နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ ကုန်ပစ္စည်းများကို အရေအတွက် အများအပြား ထုတ်လုပ်နိုင်ရန်လည်း လိုပေသည်။

စက်မှုလုပ်ငန်းများကိုထူထောင်လုပ်ကိုင်ရာ၌ မြန်မာနိုင်ငံသည်စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ လယ်ယာလုပ်ငန်းသုံးစက်ပစ္စည်းကိရိယာထုတ်လုပ်သည့်လုပ်ငန်းများကို ထူထောင်နိုင်ရန်အရေးကြီးပေသည်။

ထို့ပြင်လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းများနှင့် စက်မှုလုပ်ငန်းကိုအထောက်အကူပြုသည့် စက်ပစ္စည်း ကိရိယာထုတ်လုပ်သည့်လုပ်ငန်းများကို ထူထောင်၍ လိုအပ်သောပစ္စည်းများကို အရည်အသွေးရှိရှိ တိုးချဲ့ထုတ်လုပ်သွားရမည် ဖြစ်သည်။

သို့မှသာ စက်မှုနိုင်ငံအဖြစ်ကူးပြောင်းဖြစ်ပေါ်ပြီး ပြည်သူများ၏လူနေမှုဘဝအဆင့်အတန်းမြင့်မားကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်ပေါ်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ စက်မှုဇုန်များအနေဖြင့် တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုများရရှိလာစေရန်၊ကုန်ပစ္စည်းများထုတ်လုပ်ရာ၌ သွင်းကုန်ပစ္စည်းများ အပေါ်မှီခိုအားထားနေရမှု လျှော့ချပြီး ပြည်တွင်းဖြစ်ပစ္စည်းများဖြင့် အစားထိုးထုတ်လုပ်နိုင်ရန် ခေတ်မီစက်ကိရိယာများဖြင့် ရာနှုန်းပြည့် အမီအခိုကင်းသည့်ထုတ်လုပ်မှုမျိုး ဖြစ်လာစေရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းစွမ်းဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ နယ်စပ်/ စည်ပင်ဝန်ကြီး လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၄

ပန်ဆန်းမြို့တွင် ရောက်ရှိနေသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့်အဖွဲ့သည် ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက ပန်ဆန်းမြို့မှထွက်ခွာပြီး ပန်ဆန်း–မိုင်းပေါက်ကားလမ်းတစ်လျှောက် ဘိန်းအစားထိုး ရော်ဘာစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မိုင်းပေါက်မြို့ နယ်စပ်ဒေသဖွံ့ဖြိုးရေးရုံး၊ စိုက်ပျိုးရေးရုံး၊ ဆက်သွယ်ရေးရုံးများအား ကြည့်ရှုစစ်ဆေးပြီး UNODC နှင့် ပူးပေါင်းဆောင်ရွက်နေသည့် 'ဝ'ဒေသ အစားထိုး ဖွံ့ဖြိုးရေးစီမံကိန်းရုံးသို့ ရောက်ရှိရာ တာဝန်ရှိသူများအား စီမံကိန်းလုပ်ငန်းများအတွက် လိုအပ်သည်များ မှာကြားသည်။

ဖြည့်ဆည်းမှာကြား

ထို့နောက် မိုင်းပေါက်မြို့မှ ဆက်လက်ထွက်ခွာရာ ဟိုတောင်း ဆေးပေးခန်းသို့ ရောက်ရှိစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။ ထိုမှ ဆက်လက်ထွက်ခွာရာ မိုင်းဖျန်မြို့သို့ နေ့လယ်ပိုင်းတွင် ရောက်ရှိပြီး ဘိန်းအစားထိုး လိမ္မော်စိုက်ခင်း၊ မိုင်းဖျန်ရပ်သံထပ်ဆင့်လွှင့်စက်ရုံ တည်ဆောက်မှုလုပ်ငန်းနှင့် မိုင်းဖျန်ဘိန်းအစားထိုး ဝင်ငွေကောင်း တစ်သျှူးငှက်ပျော စိုက်ခင်းတို့အား ကြည့်ရှုစစ်ဆေးကာ**(အပေါ်ပုံ)** လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့သည်။

ဝန်ကြီးနှင့်အဖွဲ့သည် မိုင်းဖျန်မြို့မှ ဆက်လက်ထွက်ခွာရာ နေ့လယ်ပိုင်းတွင် မိုင်းယန်းမြို့သို့ ရောက်ရှိပြီး မိုင်းယန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ် အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ အသင်းသား များနှင့်တွေ့ဆုံပြီး တင်ပြချက်များကို ဖြည့်ဆည်းရှင်းလင်း မှာကြားခဲ့သည်။ ၎င်းနောက် မိုင်းယန်းမြို့ စည်ပင်သာယာ ရေးအဖွဲ့ရုံးသို့ ရောက်ရှိ စစ်ဆေးပြီး ဆက်လက်ထွက်ခွာရာ ဆီလူးဘိန်းအစားထိုး လက်ဖက်စိုက်ခင်းသို့ မွန်းလွဲပိုင်းတွင် ရောက်ရှိစစ်ဆေးခဲ့သည်။ ၎င်းမှတစ်ဆင့် ဆီလူးမြို့ ဆေးပေးခန်း၊ ရုပ်သံ ထပ်ဆင့်လွှင့်စက်ရုံနှင့် ဝန်ထမ်းအိမ်ရာတို့ကို စစ်ဆေးပြီး ဒေသမှတာဝန်ရှိသူများ၊ နယ်စပ်ဒေသဝန်ထမ်းများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ မှာကြား သည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဆီလူးမြို့မှ ဆက်လက်ထွက်ခွာရာ ညနေပိုင်းတွင် မိုင်းလားမြို့သို့ ရောက်ရှိပြီး ဒေသမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး၊ ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးခဲ့သည်။

ဒီဇင်ဘာ၂၂ရက် နံနက်ပိုင်းတွင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် အဖွဲ့သည် ကျိုင်းတုံမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းသို့ ရောက်ရှိပြီး သင်တန်းအဆောက်အအုံများနှင့် သင်တန်းပို့ချဆောင်ရွက်နေမှုများကို စစ်ဆေးသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ ကျိုင်းတုံမြို့ နယ်စပ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိစစ်ဆေးပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် နယ်စပ်ဒေသဝန်ထမ်းများ အားသွန်ကြိုးပမ်းဆောင်ရွက်ရေး၊ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်များကို တင်ပြဖြည့်ဆည်းဆောင်ရွက်ပေးရေး မှာကြားသည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကျိုင်းတုံမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိစစ်ဆေးပြီး တိုင်းရင်းသား သင်တန်းသူ သင်တန်းသားများအား လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကံ့ကော်သဇင်စာပေ အခန်း ၃–ဘီ အမှတ် (၁၅၄) ဗိုလ်ချုပ်အောင်ဆန်းလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၀၁–၂၉၃၃၁၆ က ပုံနှိပ်ထုတ်ဝေသော မောင်ဟိန်းကျော်၏ တေဘုမ္မာဝဋ္ဋနန်းလယ်မှာ ကျွတ်တမ်းကယ် စာမလိပ်ချင်ဘု စာအုပ်မျက်နှာဖုံး။ (က–ပ)

ခနုဖြူမြို့နယ်အသင်း(ရန်ကုန်) နှစ် (၅၀) ပြည့် ရွှေရတုကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၄

ခနုဖြူမြို့နယ်အသင်း (ရန်ကုန်) နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားနှင့် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆု ချီးမြှင့်ပွဲများကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အဘိဓမ္မာ ရတနာဂူရုံဓမ္မဗိမာန်တော် (ဗဟန်း၃လမ်းမှတ်တိုင်) တွင်ကျင်းပမည်ဖြစ်သည်။

အသက် ၈၀ နှင့် အထက်အဘိုးအဘွားများ၊ ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများ စာရင်းနှင့် လှူဒါန်းငွေကို ဦးလှမြင့် ဖုန်း–၂၂၄၃၉၀၊ ဦးကျော်ရှိ ဖုန်း–၅၄၁၈၂၃၊ ဦးမြင့်သိန်း ဖုန်း–၂၀၃၇၃၁၊ ဦးလှမြင့် (ရွှေဟင်္သာ) ဖုန်း–၂၅၂၇၉၃၊ ဒေါ်မြသီ ဖုန်း–၆၅၁၄၅၉ နှင့် ဦးလှဝင်း(ရုပ်မြင်) ဖုန်း–၅၄၃၉၆၆ တို့သို့ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁၅ရက် နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဒီဇင်ဘာ ၁၄ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် (၁၆) အခြေခံပညာ မူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့်အလှူငွေပေးအပ်ပွဲအခမ်းအနားကို ကျောင်းခန်းမတွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ရီက ကျောင်းအုပ်စု အင်္ဂလိပ်စာ ထူးချွန်ဆုရ မောင်ထက်အောင်ဟိန်းအား ဆုချီးမြှင့်စဉ်။ (က–ပ)

ဒီဇင်ဘာ ၂၄ ရက်က ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး **Mr. Oum Maolanon** အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်

(က) နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး အတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(ဂ) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့် အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်း အဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

(၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ပြပွဲ

နေ့ရက် – ၃–၁–၂၀၀၄ မှ ၁၁–၁–၂၀၀၄

အချိန် – နံနက်(၀၉း၀၀)နာရီမှ ညနေ(၁၇း၀၀) နာရီ

နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

မည်သူမဆိုအခမဲ့လာရောက်ကြည့်ရှုနိုင်ပါသည်။

လုပ်သားများကောလိပ် မြန်မာစာမိသားစု အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၂၄

လုပ်သားများကောလိပ် မြန်မာစာ မိသားစု ပထမအကြိမ် အာစရိယ ပူဇော်ပွဲကို ၂၀၀၄ ခုနှစ် မတ်လ အတွင်း၌ တက္ကသိုလ်များ ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ လုပ်သားများ ကောလိပ် မြန်မာစာ ကျောင်းသူ ကျောင်းသားဟောင်းများ အနေဖြင့် ဆရာဦးထွန်းအေး၊ ဖုန်း–၃၇၆၂၅၆၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ဦးစိုးနိုင်၊ ဒေါ်မာလာ၊ ဦးသိန်းဇော်၊ ဦးအောင်ဆန်းတင့်၊ ဒေါ်ကြူကြူသွင်၊ ဒဂုံတက္ကသိုလ် လ/ထ မော်ကွန်းထိန်း ဦးညိုထွန်း ဖုန်း–၅၈၀၉၃၇၊ လုပ်သားများ ကောလိပ်ဌာနမှူး ဒေါ်သန်းသန်းဌေး ဖုန်း–၂၂၂၆၄၈၊ ဒေါ်ခင်စန်းဝင်း၊ ဦးဇော်လွင်၊ ဦးထွန်းလင်း၊ ဒေါ်နီလာ ဘာရာဒွါဂျာ ဖုန်း–၂၉၀၅၈၃၊၂၄၁၉၃၉ နှင့် ကိုနေမျိုးအေး ဖုန်း–၇၀၉၇၆၆၊ မသိန်းသူဇာ ဖုန်း–၅၃၅၇၆၁၊မခင်မြတ်သွယ်၊ ကိုလှမြင့်ဦး (ပန်းတိုင်လှမြင့်)၊ ကိုသိန်းဝင်း၊ ကိုဟန်သိန်း၊ ကိုဟန်ဆွေ၊ ကိုစိုးဝင်း၊ ကိုရွှေမိုးတို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က–ပ)

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆက်လက်ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၄

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း(မှန်ဆောင်)ရှိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွန့်၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးခင်မောင်မြင့်၊ တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာသောင်းမြင့်နှင့် လုပ်ငန်းကော်မတီဝင်များ စုံညီစွာတက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်နှင့် အတွင်းရေးမှူး ဦးသောင်းညွန့်တို့က အမျိုးသားညီလာခံဆိုင်ရာကိစ္စများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၅–၁၂–၂၀၀၃
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က)ပထမနှစ်
(ရသစာပေအရေးအသား)
(ခ)ပထမနှစ်(စိတ်ပညာ)
၅း၃၀ ၉။ တိုင်းကျိုးပြည်ပြုတို့ရေးရှု
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ မြန်မာ့ရှုခင်း
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ညီအစ်မလေးဖော်"** (အပိုင်း–၁၀)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းညီနောင်"**(အပိုင်း–၃၅)

ဆဲလ်ဖင်းဒေးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၀)ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၂၄

အမေရိကန်တွင်မြန်မာ့ဆိုင်းဝိုင်းကြီး တီးခတ်ဖျော်ဖြေမှု နယူးယောက် တိုင်းမ် သတင်းစာကြီးက ချီးကျူး ရေးသား၊ ဗီစီဒီ ထုတ်လုပ်သူများ ခိုးကူးမှုကိုကာကွယ်၊ အမှန်တကယ် သုံးစွဲသူအချို့၏ ကွန်ပျူတာ အချက်အလက်များ ဖျက်ဆီးခံရ၊ ထိုင်းကုန်စည်ပြပွဲများသို့ စရိတ်ငြိမ်းသွားရောက်ခွင့်ရ၊ ဂျီအက်စ်အမ်ဖုန်းများ ပြင်ဦးလွင်တွင်ပြောနိုင်ပြီစသည့် စိတ်ဝင်စားဖွယ်ပြည်တွင်းသတင်းများဖြင့် 7 Day News ဂျာနယ်အတွဲ (၂)၊ အမှတ် (၄၀) ထွက်ရှိနေသည်။ **(ဓါပုံ)**

မလေးရှားရွာသားများ ပန်းကန်ပြားပျံတွေ့ကြရ၊ အာဆီယံဒေသတွင်းပျံသန်းရန် မလေးရှား၊ ဘရူနိုင်း၊ ထိုင်းနှင့် အင်ဒိုနီးရှားတို့ ပူးပေါင်းလေယာဉ်ထုတ်မည်၊ ဆက်ဒမ်ဟူစိန်အား စစ်ကြောရေးကိစ္စ စသည့် နိုင်ငံတကာသတင်းများလည်း ပါဝင်သည့် 7 Day News ဂျာနယ်ကို e-Empire Media House ဖုန်း–၇၀၃၈၀၃ က တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။

(က–ပ)

ပညာရေးစုံညီပွဲတော်

(၂၇၊၁၂၊၂၀၀၃ မှ ၃၊၁၊၂၀၀၄)

SCHOOL FAMILY DAY

(27/12/2003 to 3/1/2004)

စာရင်းကိုင်သင်တန်းဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၂၄

စာရင်းပညာလေ့လာလိုသူများ အတွက် အခြေခံစာရင်းကိုင်သင်တန်း အမှတ်စဉ်(၁၉)ကို အမှတ် ၂၈၈/၂၉၀ ရွှေတိဂုံဘုရားလမ်း (M.W.E.A Tower) ၌ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁၀ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

စာရင်းစစ်ချုပ်ရုံး၏ အခြေခံ စာရင်းကိုင်ပညာသင်တန်း အောင်လက်မှတ် ရယူလိုသူများ ဖုန်း–၃၇၉၇၅၈ သို့ ဆက်သွယ် စာရင်းပေးနိုင်ပြီး အနိမ့်ဆုံး အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူများ တက်ရောက်နိုင်၍ စနေ၊တနင်္ဂနွေနေ့များတွင် နံနက် ၁၁နာရီမှ ညနေ ၄နာရီအထိ သင်ကြားမည်ဖြစ်ကြောင်း သိရသည်။**(က–ပ)**

မိုဆူးလ်မြို့တွင် အမေရိကန်စစ်ယာဉ်တန်း ပစ်ခတ်ခံရ
ပြောက်ကျားများက ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၃

ဒီဇင်ဘာ ၂၁ ရက်က ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုတွင် ပြောက်ကျားများက ဒုံးပစ်လောင်ချာဖြင့် ဘဂ္ဂဒက်မြောက်ဘက် မိုင်၂၅၀ အကွာရှိ မိုဆူးလ်မြို့တွင် အမေရိကန်စစ်ယာဉ်တန်းကို ပစ်ခတ်ခဲ့ကြောင်းသိရသည်။ ထိုဒုံးပစ်လောင်ချာသည်အရပ်သားကားတစ်စီးကို ထိမှန်ပြီး ယာဉ်မောင်းဒဏ်ရာပြင်းစွာ ရရှိခဲ့သည်။

ထရပ်ကားသုံးစီးပါ အဆိုပါယာဉ်တန်းမှ တပ်ဖွဲ့ဝင်အချို့ ၎င်းတို့၏ကားများအပြင်ဘက်၌ ရောက်ရှိနေကြသဖြင့် ထိခိုက်မှုမရှိဟု ဆိုသည်။

ဆက်ဒမ်ဟူစိန်ကို သစ္စာခံမှု ခိုင်မာမြဲရှိသော မြို့ကြီးများတွင် အမေရိကန်တပ်ဖွဲ့ဝင်များက နှစ်ရက်ကြာ ဝင်ရောက်စီးနင်းကာ မသင်္ကာသူ ဒါဇင်များစွာကို ဖမ်းဆီးခဲ့ကြကြောင်း တာဝန်ရှိသူများက တနင်္ဂနွေနေ့၌ ပြောကြားသည်။ ထိုသို့ဝင်ရောက်စီးနင်းရာတွင် အီရတ်နှစ်ဦးသေဆုံးခဲ့သည်ဟုဆိုသည်။ အမေရိကန် တပ်ဖွဲ့ဝင်များသည် တနင်္ဂနွေနေ့အစောပိုင်း၌ ဘဂ္ဂဒက်အနောက်ဘက်ရှိ ခုခံရေးနေရာဖြစ်သော ဖော်လူဂျာတွင် တစ်အိမ်တက်ဆင်း ဝင်ရောက်ရှာဖွေခဲ့ကြသည်။

ဆီးရီးယားနယ်စပ်အနီး ရာဝါမြို့တွင်လည်း အမေရိကန်တပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေမှုများပြုလုပ်ခဲ့ကြသည်။ ရာဝါမြို့ကို ညမထွက်ရအမိန့် ထုတ်ပြန်ထားပြီး ဘဂ္ဂဒက်မြောက်ဘက် ၇၅မိုင်ရှိ ဆာမာရာနှင့်အနောက်မြောက်ဘက်ရှိ ဂျာလူလာမြို့တို့သည်လည်း ပစ်မှတ်များဖြစ်ကြသည်။ ယင်းဒေသများအားလုံးသည် ဆက်ဒမ်ကို အခိုင်အမာထောက်ခံသည့် နေရာများဖြစ်သည်။

ထိုသို့ အမေရိကန်တပ်ဖွဲ့ဝင်များသည် အကြမ်းဖက်သမားများဟုဆိုသော ခုခံတိုက်ခိုက်ရေးသမားများကို ဝင်ရောက်စီးနင်းရှာဖွေရာတွင် အီရတ် ၆၀ကိုစစ်မေးရန် ခေါ်ဆောင်သွားခဲ့ကြသည်။ အဆင့်မြင့် ဘာသ်ပါတီဝင်များနှင့် တိုက်ခိုက်ရေးသမား ၁၀၀ ကျော်ကို ရှာဖွေလျက်ရှိသည်။

ရာဝါမြို့ကို ဝင်ရောက်စီးနင်းစဉ်၌ အမေရိကန်တပ်ဖွဲ့ဝင်များက အသက် (၆၀)အရွယ်ရှိအမျိုးသမီးကြီးတစ်ဦး၏ သံမဏိတံခါးကို ဖောက်ခွဲဖျက်ဆီးပြီး အတွင်းသို့ဝင်ရောက်ခြင်းကြောင့် ထိုအမျိုးသမီးကြီး သေဆုံးခဲ့ရသည်။ **(အင်တာနက်)**

ဖမ်းဆီးထား

ဒီဇင်ဘာ ၂၃ရက်က အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တွင် ဗုံးဖောက်ခွဲတိုက်ခိုက်မှုခံရပြီးနောက် သံသယရှိသော အီရတ်တစ်ဦးကို အမေရိကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးထားပြီး စစ်ယာဉ်တစ်စီးအနီး၌ ထိုင်ခိုင်းထားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မေ ၁ ရက်နောက်ပိုင်းတိုက်ပွဲ၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၂၀၂ ဦးရှိပြီ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၃

ရုရှား၏ရေနံနှင့်အခြား စီးပွားရေးလုပ်ငန်းများ အပြန်အလှန်အားဖြင့် အခွင့်အရေးပေးခံရမည်ဆိုလျှင် အီရတ်၏ ကြွေးမြီများကို လျှော့ပစ်ရန်အသင့်ရှိကြောင်း ရုရှားနိုင်ငံကအရိပ်လက္ခဏာပြနေချိန်တွင် တနင်္လာနေ့၌ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးနှင့် အီရတ်စကားပြန်တစ်ဦးတို့ သေဆုံးခဲ့ကြရာ စစ်ပွဲကြီးပြီးကြောင်း သမ္မတဘုရှ်ကမေ ၁ ရက်၌ ကြေညာခဲ့ချိန်မှစပြီး အီရတ်တိုက်ပွဲတွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၂၀၂ဦးအထိရှိသွားခဲ့သည်။

ဒုတိယမြောက်

တိုက်ခိုက်မှုသည် အီရတ်နိုင်ငံအလယ်ပိုင်း၌ မသင်္ကာသူရာပေါင်းများစွာကို အမေရိကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးချိန်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ပိုလန်တပ်ဖွဲ့ဝင်တစ်ဦးမှာလည်း သူ၏သေနတ်မတော်တဆ ကျည်ထွက်သွားရာမှ တနင်္လာနေ့က သေဆုံးခဲ့ရာ ဒုတိယမြောက်သေဆုံးသော ပိုလန်တပ်ဖွဲ့ဝင် ဖြစ်သည်။

ပိုမိုဖြစ်ပွားနိုင်

အီရတ်ရှိ အမေရိကန်အရပ်ဘက် အုပ်ချုပ်ရေးမှူးပေါလ်ဘရီမာက ဆက်ဒမ်ဟူစိန်၏ နောက်လိုက်များထက် စစ်သွေးကြွများ၏ တိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားလာစရာရှိကြောင်း ပြောဆိုထားသည်။

ထိခိုက်ခဲ့ရ

အီရတ်နိုင်ငံ မြောက်ပိုင်းရှိ ရေနံကြွယ်ဝသော ကယ်ကွတ်နှင့် ဘေဂျီရေနံချက်စက်ရုံကို ဆက်သွယ်ထားသော ရေနံပိုက်လိုင်း မီးလောင်မှုကြောင့် အီရတ်၏ရေနံလုပ်ငန်း ထိခိုက်ခဲ့ရသည်။

(အင်တာနက်)

ဒီဇင်ဘာ ၂၃ ရက်က တီကရစ်မြို့ လမ်းတစ်လမ်းတွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်မြို့ကြီးများရှိ ဆေးရုံများအခြေအနေ
အီရတ်စစ်ပွဲမတိုင်မီကထက်ပိုမိုဆိုးရွားနေ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၃

အီရတ်နိုင်ငံတစ်ဝန်းတွင် ဆန့်ကျင်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေသကဲ့သို့ မတော်တဆထိခိုက်ဒဏ်ရာရရှိကြသော အီရတ်ပြည်သူများ၊ နာမကျန်းဖြစ်သူများကို အီရတ်ဆေးရုံများ၌ ထိရောက်ကောင်းမွန်သည့် ဆေးကုသမှုမပေးနိုင်ဘဲ အီရတ်နိုင်ငံ၏ ကျန်းမာရေးစနစ်သည် အကျပ်အတည်းများစွာ ကြုံတွေ့နေရကြောင်း၊ အီရတ်စစ်ပွဲ မတိုင်မီကထက် အခြေအနေမှာ ပိုမိုဆိုးရွားလျက်ရှိနေကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ ဆေးရုံကြီးများအားလုံးတွင် လူနာများပြည့်ကျပ်လျက်ရှိနေသော်လည်း ကုသရေးဆိုင်ရာ ဆေးပစ္စည်းကိရိယာများ၊ ဆေးဝါးများ၊ မီးအားမြှင့်စက်များ ရှားပါးပြတ်လပ်လျက်ရှိနေရုံသာမက အရေးကြီးသော စိတ်ဓာတ်ရေးရာလည်း ထိခိုက်ကျဆင်းလျက်ရှိသည်။

ပိုမိုဆိုးရွား

ဆေးရုံများတွင် လိုအပ်ချက်များကိုအနီးကပ်စစ်ဆေးကြည့်ရှုပြီး ဆေးဝါးကုသရေးစနစ်ကို ပြုပြင်ဆောင်ရွက်ပေးရန် လိုအပ်နေကြောင်း၊ ဆေးရုံကြီးများရှိ ခွဲစိတ်ကုအခန်းများမှာလည်း စိတ်မချမ်းမြေ့ဖွယ် မြင်ကွင်းများကိုသာ မြင်တွေ့နေကြရပြီး မြို့ကြီးများရှိ ဆေးရုံကြီးများမှာပင် အခြေခံဆေးဝါးကုသရေးပစ္စည်းများ ရှားပါးပြတ်လပ်လျက်ရှိနေကြောင်း၊ အီရတ်နိုင်ငံတစ်ဝန်းရှိ ဆေးရုံ ၂၄၀တို့တွင် ယခုအခါ ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ဟု အမေရိကန်ဦးဆောင်သောတပ်ဖွဲ့မှထိပ်တန်းတာဝန်ရှိသူများက ပြောကြားလျက်ရှိသော်လည်း ဆေးရုံများ၏အခြေအနေမှာ ပိုမိုဆိုးရွားလျက်ရှိနေကြောင်းသိရသည်။ ဆေးရုံမှဆရာဝန်တစ်ဦးက မိမိတိုင်းပြည် တိုက်ခိုက်ပျက်စီးခဲ့ရသည့်အတွက် မိမိဝမ်းနည်းမိကြောင်း၊ လူနာများအတွက်လည်း ၎င်းတို့မျှော်လင့်သလို ကုသမပေးနိုင်သည့်အတွက်လည်း စိတ်မကောင်းဖြစ်ရကြောင်း ပြောကြားသည်။

နောက်ကျနေ

ထိုကိစ္စနှင့်ပတ်သက်ပြီး မိမိအနေဖြင့် အိပ်မက်ဆိုးကြီးတစ်ခုလိုခံစားနေရကြောင်း၊ လာမည့်နှစ် အီရတ်နိုင်ငံ၏ဆေးဝါးကုသရေးဆိုင်ရာ ဘဏ္ဍာငွေသည် ဒေါ်လာရှစ်ဘီလီယံကျော်အထိ ရှိနိုင်ကြောင်း၊ ချေးငွေများနှင့် ပြုပြင်ရေး လုပ်ငန်းများ ဆောင်ရွက်သည့်တိုင်အောင် ပြည်သူများအဖို့ အလွန်နောက်ကျနေပြီဖြစ်ကြောင်း၊ ထိုအတောအတွင်း ၎င်း၏လူနာနှစ်ဦးသည်လည်း စိတ်ထိခိုက် တင်းကျပ်မှုကို မခံနိုင်ဘဲ လွန်စွာမောဟိုက်နွမ်းနယ်ပြီး မိမိကိုယ်ကို သတ်သေသွားခဲ့ကြောင်း ၎င်းဆရာဝန်က ပြောကြားခဲ့သည်။ **(စီအင်န်အင်န်)**

မြန်မာ့အလင်း
နိုင်ငံတကာသတင်းများ

၂၀၀၃ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်အတွင်း
အိုင်စီတီဖွံ့ဖြိုးတိုးတက်ရေး ဗီယက်နမ်လုပ်ဆောင်မည်

ဟန္နိုင်း ဒီဇင်ဘာ ၂၃

၂၀၀၃ ခုနှစ်နှင့် ၂၀၁၀ပြည့်နှစ်ကြားတွင် ဗီယက်နမ်နိုင်ငံသားများနှင့်အဖွဲ့အစည်းများ ပြန်ကြားရေးနှင့်ဆက်သွယ်ရေးနည်းပညာ(အိုင်စီတီ)လျှောက်ထားတောင်းခံမှုများ တိုးတက်ဖွံ့ဖြိုးစေမည့် အဓိကစီမံကိန်း ၁၀ ခုကို လုပ်ဆောင်သွားရန် ဗီယက်နမ်နိုင်ငံက စီစဉ်ထားသည်။

ဗီယက်နမ်နိုင်ငံသည် နိုင်ငံသားများကို တန်ဖိုးနည်း လူသုံးကွန်ပျူတာ တစ်သန်းရောင်းချပေးမည်ဖြစ်ပြီး အလယ်တန်းကျောင်းများအားလုံးသို့ အင်တာနက် ဆက်သွယ်မှုများကို ပေးမည်ဖြစ်သည်။

ထို့အပြင် လူသန်း ၂၀အတွက် ကွန်ပျူတာပညာ မတတ်မြောက်ခြင်းကို လုံးဝဖယ်ရှားပြီး ဗီယက်နမ်လူဦးရေအတွက် အီလက်ထရွန်နစ် မှတ်ပုံတင်ကတ်များကို ထုတ်ပေးသွားမည်ဟု စာတိုက်၊ ကြေးနန်းနှင့် ပြန်ကြားရေးနည်းပညာဆိုင်ရာ မဟာဗျူဟာဌာနက သောကြာနေ့၌ ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မတရားကျူးကျော်တိုက်ခိုက်မှုကြောင့် အီရတ်ကလေးငယ်များမှာ အနာဂတ်အတွက် မရေရာမှုများနှင့် ရင်ဆိုင်နေကြရသည်။
(အောက်ပုံမှာ ဒီဇင်ဘာ ၂၂ရက်က နာဂျက်ဖ်မြို့အနီး သဲကန္တာရတစ်နေရာ၌ အန္တရာယ်မှ ကင်းဝေးရာသို့ တိမ်းရှောင်နေရသော အီရတ်ကလေးငယ်နှစ်ဦးကို တွေ့ရစဉ်။)
(ဓာတ်ပုံ-အင်တာနက်)

အီရတ်ကလေးငယ်များ အနာဂတ်အတွက် မရေရာမှုများနှင့် ကြုံတွေ့ ဆက်ဒမ်ကို ဖမ်းဆီးထားခြင်းမှာ လူ့အခွင့်အရေးကို ချိုးဖောက်ဟုဆို ကမ္ဘာတစ်ဝန်းမှ အီရတ်ကို ကျူးကျော်မှု အဆုံးသတ်ရန် တောင်းဆို

ခေါင်းကြပ်

အီရတ်နိုင်ငံ၌ ရေနံပိုက်လိုင်းများကို တိုက်ခိုက်ခံနေရလျက်ရှိသည်။ (အောက်ပုံမှာ ဓာတ်ငွေ့ရည် ဆိုင်တစ်ဆိုင်အနီး လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်စစ်ယာဉ်တစ်စီးကို တွေ့ရစဉ်။)
(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း



အီရတ် မြင်ကွင်း

ဆန္ဒပြကြွေးကြော်

အမေရိကန်နှင့် အပေါင်းပါတပ်များက အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ချိန်မှစပြီး အီရတ်ပြည်သူအများစုမှာ လုံခြုံမှုမရှိခြင်း၊ စားဝတ်နေရေး၊ လူမှုရေး၊ ကျန်းမာရေး အခြေအနေများ ဆိုးရွားလာခြင်းတို့ကို ရင်ဆိုင်နေကြရသည်။
(ယာပုံမှာ ဒီဇင်ဘာ ၂၂ရက်က အီရတ်နိုင်ငံ ကယ်ကွတ်မြို့၌ ထောင်ပေါင်းများစွာသော အီရတ်ပြည်သူများက အမေရိကန် ဆန့်ကျင်ရေး ကြွေးကြော်သံများ အော်ဟစ်ကာ ဆန္ဒပြလျက်ရှိသည်ကို တွေ့ရစဉ်။)
(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်များက ကျူးကျော်သိမ်းပိုက်မှုကို ရပ်တန့်ပေးရန် ကမ္ဘာ့နိုင်ငံများက တောင်းဆိုဆန္ဒပြလျက်ရှိသည်။
(ယာပုံမှာ ဆိုးလ်မြို့၌ စစ်ဆန့်ကျင်သူ ကိုရီးယားပြည်သူများနှင့် ရဲတပ်ဖွဲ့ဝင်များအကြား အဓိကရုဏ်းဖြစ်ပွားနေမှုကို တွေ့ရစဉ်။)
(ဓာတ်ပုံ-အင်တာနက်)

ဒီဇင်ဘာ ၂၃ရက်က အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ အမေရိကန်သံရုံးအပြင်ဘက်၌ အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်အား ပြန်လွှတ်ပေးရန် အင်ဒိုနီးရှား ပြည်သူတစ်ဦးက ဆန္ဒပြတောင်းဆိုနေစဉ်။ (ဝဲပုံ)
(ဆက်ဒမ်အား အမေရိကန်တို့က ဖမ်းဆီးထားခြင်းသည် လူ့အခွင့်အရေးကို ချိုးဖောက်ခြင်းဟု အဆိုပါ ဆန္ဒပြသူက ပြောဆိုသည်။)
(ဓာတ်ပုံ-အင်တာနက်)

ခရစ္စမတ်ကာလအတွင်းအီရတ်၌ တိုက်ခိုက်မှုများတိုးမြင့်လာနိုင် အီရတ်နှင့်တူရကီဆက်သော ရေနံပိုက်လိုင်းများကို တိုက်ခိုက်ခဲ့

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၃

အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့မှရရှိသော ထောက်လှမ်းရေးသတင်းများအရ ခရစ္စမတ်ကာလအတွင်း တိုက်ခိုက်မှုများ မြင့်တက်လာဖွယ်ရှိကြောင်း သိရသည်။ ပြီးခဲ့သောရက်များက အမေရိကန်တပ်ဖွဲ့များက ၎င်းတို့ကို ခုခံတိုက်ခိုက်သူများအား နိုင်ငံအနှံ့လိုက်လံရှာဖွေဖမ်းဆီးခဲ့ရာ ဘာကူဘာမြို့တွင် ခုခံတိုက်ခိုက်ရေးသမားများအား ခေါင်းဆောင်သူဟု ယူဆရသူ အီရတ်ဗိုလ်ချုပ်ဟောင်းတစ်ဦးကို ဖမ်းဆီးမိကြောင်း ကြေညာခဲ့သည်။

အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်ကို ဖမ်းဆီးရမိသွားသော်လည်း ယခုတစ်ပတ်အတွင်း အမေရိကန်တပ်ဖွဲ့များအား တိုက်ခိုက်မှုများမြင့်တက်လာနိုင်ကြောင်း သတိပေးမှုများ ထွက်ပေါ်လာခဲ့သည်။ တိုက်ခိုက်မှုများအပြင် အနှောင့်အယှက်ဖျက်ဆီးမှုများလည်း ဖြစ်ပွားခဲ့ပြီး အီရတ်နှင့်တူရကီနိုင်ငံဆက်သွယ်ထားသော ရေနံပိုက်လိုင်းနှင့်ရေနံချက်စက်ရုံကို တိုက်ခိုက်ခဲ့သည်။ ယခုတိုက်ခိုက်မှုများကြောင့် အီရတ်အတွင်းလောင်စာဆီပြတ်လပ်မှုဆက်လက် ဖြစ်ပေါ်ဖွယ်ရှိကြောင်းသိရသည်။

(စီအက်ဖ်အိုင်)

ဒီဇင်ဘာ ၂၃ ရက်က တီကရစ်မြို့တွင် ဗုံးခွဲတိုက်ခိုက်မည်ဟူသော သတင်းများဖြစ်ပေါ်နေသဖြင့် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ယခုသီတင်းပတ်အတွင်း အီရတ်နိုင်ငံတစ်ဝန်း ခုခံတိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားလာ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၃

အီရတ်နိုင်ငံ၌ ဆက်ဒမ်ဟူစိန်ကို ဖမ်းဆီးမိပြီးနောက်ပိုင်း ယခုသီတင်းပတ်အတွင်း ခုခံတိုက်ခိုက်မှုများသည် ပိုဆိုးလာခဲ့ရာ အီရတ်အများအပြားနှင့် အမေရိကန်သိမ်းပိုက်သူများ ဦးတည်ချက် ဘာဖြစ်သည်ဆိုခြင်းကို စိုးရိမ်ပူပန်မှု ဖြစ်ခဲ့ကြသည်။

ရှင်းလင်းစွာမသိရ

ထိုတိုက်ခိုက်မှုများသည် အမေရိကန်ဦးဆောင်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခြင်းဖြစ်ကြသော်လည်း မည်သူက တိုက်ခိုက်နေသည်ကို ရှင်းရှင်းလင်းလင်း မသိရှိရဘဲ ဖြစ်နေသည်။

ဘဂ္ဂဒက်တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံပညာရှင် ဟက်ဆန်အယ်လ်အနီက အီရတ်နိုင်ငံအတွင်း ဖြစ်ပွားနေသော ခုခံတိုက်ခိုက်မှုများမှာ ပြည်တွင်းစစ်နှင့်တူကြောင်း၊ ဒီမိုကရေစီဖြစ်မည် သို့မဟုတ် ဖရိုဖရဲဖြစ်မည်ကို မိမိတို့မသိကြောင်း ပြောဆိုသည်။

(အင်တာနက်)

ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ အီရတ်နိုင်ငံနှင့် ဆက်ဆံရေးကိစ္စ ဆွေးနွေး

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၃

ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ၏ ကြီးမှူးဆောင်ရွက်မှုဖြင့် ကမ္ဘာ့ရေနံအကြွယ်ဝဆုံးခြောက်နိုင်ငံမှ ကိုယ်စားလှယ်များသည် ကူဝိတ် နိုင်ငံတွင် တွေ့ဆုံဆွေးနွေးလျက်ရှိသည်။

ဆွေးနွေး

အစည်းအဝေးသို့ တက်ရောက်လာသူများသည် အကြမ်းဖက်မှုကိုင်တွယ် ဖြေရှင်းရေးအတွက် ဆွေးနွေးခဲ့ကြသည့်နည်းတူ စစ်ပြီးကာလ အီရတ်နိုင်ငံနှင့် ဆက်ဆံရေးကိုပါ ဆွေးနွေးခဲ့ကြသည်။

အတည်ပြု

အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ မူကြမ်းတစ်ခု ကိုလည်း အဆိုပါကောင်စီ၏ ပြည်ထဲရေးဝန်ကြီးများက သဘောတူအတည်ပြုခဲ့ကြသည်။

ပထမအကြိမ်

ယခုကျင်းပသော အစည်းအဝေးသည် ဆက်ဒမ်ဟူစိန်ကို ဖယ်ရှားပြီးနောက်ပိုင်း ယခုနှစ်အတွင်း ပထမဦးဆုံးအကြိမ်ကျင်းပသည့် ပင်လယ်ကွေ့ထိပ်သီးဆွေးနွေးပွဲဖြစ်ကြောင်း သိရသည်။

(စီစီတီဗွီ)

ဒီဇင်ဘာ ၂၂ ရက်က နယ်သာလန်နိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော တုပ်ကွေးရောဂါပိုင်းရပ်စ်ပိုးကိုတွေ့ရစဉ်။ (ယင်းပိုင်းရပ်စ်ပိုးကြောင့် လူအများအပြား တုပ်ကွေးရောဂါဖြစ်ပွားခဲ့ရကြောင်း နယ်သာလန်အမျိုးသားတုပ်ကွေးရောဂါဌာနက ပြောကြားသည်။)

(ဓာတ်ပုံ-အင်တာနက်)



အီရတ်ကဆပ်ရန်ရှိသောကြွေးမြီ အများစုကို ရုရှားလျှော်ပစ်မည် အပြန်အလှန်အားဖြင့် ရုရှားကုမ္ပဏီများကို အခွင့်အရေးပေးရမည်

မော်စကို ဒီဇင်ဘာ ၂၃

ရုရှားနိုင်ငံသည် အီရတ်၏ ကြွေးမြီအများစုကို လျှော်ပစ်ရန်အသင့်ရှိပြီး အပြန်အလှန်အားဖြင့် ရုရှားရေနံနှင့်အခြားကုမ္ပဏီများကို အခွင့်အရေးပေးရမည်ဟု သိရသည်။

ရုရှားနှင့်အီရတ်နှစ်နိုင်ငံသည် အီရတ်၏ကြွေးမြီများလျှော်ပစ်ရေးကိစ္စကိုဆွေးနွေးခဲ့ကြပြီးနောက် ထိုကြွေးမြီများသို့မဟုတ် အစိတ်အပိုင်းတစ်ရပ်ကို လျှော်ပစ်ရန် ရုရှားထံမှ အီရတ်နိုင်ငံက ကတိရရှိခဲ့ခြင်းဖြစ်သည်။

အပြန်အလှန်အားဖြင့် ရုရှားကုမ္ပဏီများအားလုံးကို အီရတ်က ပြန်လည်အခွင့်အရေးပေးရမည်ဖြစ်သည်ဟုဆိုသည်။

သဘောတူ

အီရတ်က ရုရှားသို့ပေးရန်ရှိသောကြွေးမြီသည် ဒေါ်လာ ၃ဒသမ ၅ဘီလီယံထိ လျော့သွားမည်ဟုသိရသည်။ ရုရှားသို့အီရတ်က ပေးဆပ်ရမည့် ကြွေးမြီများမှာ ဆိုဗီယက်ခေတ်က တင်ရှိခဲ့သော ကြွေးမြီများဖြစ်ရာ ရုရှားကထိုသို့လျှော်ပစ်ရန်သဘောတူခဲ့ခြင်းဖြစ်သည်။

ဆန္ဒရှိ

ကျန်ကြွေးမြီများကိုလည်း အကယ်၍ ရုရှားက ရေနံကန်ထရိုက်များရရှိမည်ဆိုလျှင် လျှော်ပစ်ရန် စဉ်းစားဖို့ဆန္ဒရှိသည်ဟုဆိုသည်။

အဗ္ဗဒယ်အဇစ် အယ်လ်ဟာကင်မ်ဦးဆောင်သော အီရတ်အုပ်ချုပ်မှုကောင်စီသည် ရုရှားနိုင်ငံ၌ရောက်ရှိပြီး ကြွေးမြီများလျှော်ပစ်ရေးကိစ္စကို သမ္မတ ဗလာဒီမာပူတင်နှင့် ဆွေးနွေးကာ သဘောတူချက်ရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဖိလစ်ပိုင်သင်္ဘောပျောက်ဆုံးနေ ခရီးသည်နှင့်အမှုထမ်း ၇၅ဦးပါသွား

မနီလာ ဒီဇင်ဘာ ၂၃

ခရီးသည် ၆၈ဦးနှင့် သင်္ဘောသားခုနစ်ဦး ပါရှိသော သင်္ဘောတစ်စင်းသည် ဖိလစ်ပိုင်အနောက်တောင်ပိုင်းရှိ ကျွန်းများ၌ ဘေးအန္တရာယ်ကျရောက်ကြောင်း သတင်းပို့ခဲ့ပြီးနောက် တစ်ရက်ကျော်မျှပျောက်ဆုံးနေကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က တနင်္လာနေ့၌ ပြောကြားသည်။

ခရီးသည်နှင့် ကုန်တင်ဆောင်သော အမ်အယ်လ်ပီယာရီအမည်ရှိ သင်္ဘောသည် အန္တရာယ်ကျရောက်ကြောင်း ကမ်းခြေစောင့်တပ်သို့ တနင်္ဂနွေနေ့က သတင်းပို့ခဲ့သည်။

ပျောက်ဆုံးနေသော သင်္ဘောကိုရှာဖွေရန် ရေယာဉ်နှစ်စင်းနှင့် ရဟတ်ယာဉ်တစ်စင်းကို လွှတ်ထားသော်လည်း ရာသီဥတုဆိုးရွားနေ၍ ရှာဖွေရေးလုပ်ငန်းများ အခက်တွေ့နေရသည်ဟုဆိုသည်။ **အမ်အင်အေ၊ရိုက်တာ**

သီရိမင်္ဂလာမဟာစည်ရိပ်သာအထူးတရားပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၄

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) (၅၁)ရပ်ကွက် မြဝတီမင်းကြီး (၁)လမ်း သီရိမင်္ဂလာမဟာစည်ရိပ်သာ၌ ပြာသိုလဆန်း ၄ ရက်(ဒီဇင်ဘာ ၂၆ ရက်) သောကြာနေ့တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ ပြာသိုလဆန်း ၅ရက်(ဒီဇင်ဘာ ၂၇ ရက်) စနေနေ့တွင် တွံတေး အရှင်ကုန္တက၊ ပြာသိုလဆန်း ၆ ရက် (ဒီဇင်ဘာ ၂၈ ရက်) တနင်္ဂနွေနေ့တွင် ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက ဆရာတော်များက နိဗ္ဗာန်ရောက်ကြောင်းတရားများကို ည ၇ နာရီခွဲတွင် ဟောကြားမည်ဖြစ်သဖြင့် တရားနာကြားလိုသူများသိရှိစေရန် နှိုးဆော် ထားကြောင်းသိရသည်။

(က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

တရုတ်ပြည်သူ့သမ္မတနိုင်ငံအမျိုးသမီးအဖွဲ့ ရွှေတိဂုံစေတီကြည်ညို၊ အမျိုးသားပြတိုက်လေ့လာ

ရန်ကုန် ဒီဇင်ဘာ ၂၄

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့၌ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ All China Women's Federation (ACWF) မှ ဒုတိယဥက္ကဋ္ဌ Mme. Chen Xiurong နှင့်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မေမေရီ၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာဒေါ်ခင်အေးဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၈ နာရီတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ကြည်ညိုကြသည်။

ဧည့်သည်တော်အဖွဲ့သည် ရွှေတိဂုံစေတီတော်ကြီးအား လက်ယာရစ်ကြည်ညိုကြပြီး ဒုတိယဥက္ကဋ္ဌ Mme. Chen Xiurong က ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကာ ဧည့်သည်တော်အဖွဲ့က ဂေါပကအဖွဲ့ထံ အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ကြည့်ရှုလေ့လာ

ထိုမှတစ်ဆင့် ဧည့်သည်တော်အဖွဲ့သည် ပြည်လမ်းရှိ အမျိုးသားပြတိုက်သို့ရောက်ရှိလာရာ ယဉ်ကျေးမှု ဗိမာန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်နှင့် ယဉ်ကျေးမှု ဗိမာန်ဦးစီးဌာန စာကြည့်တိုက်၊ ပြတိုက်၊ သုတေသနဌာန ညွှန်ကြားရေးမှူး ဒေါ်နန္ဒာမွန်းတို့က ကြိုဆိုကြသည်။

ထို့နောက် ဧည့်သည်တော်အဖွဲ့သည် အမျိုးသားပြတိုက်အတွင်းရှိ သီဟာသနပလ္လင်တော်ပြခန်း၊မန္တလေးရတနာပုံခေတ်ပြခန်း၊ မင်းခမ်းတော်ပြခန်းတို့ကိုလှည့်လည်ကြည့်ရှုလေ့လာကြရာ ပြတိုက်မှူး ဒေါ်မိမိသက်နွယ်၊ လက်ထောက်ပြတိုက်မှူး ဒေါ်ဌေးဌေးဆွေတို့က လိုက်လံရှင်းလင်း ပြသကြသည်။

ယင်းနောက် All China Women's Federation (ACWF) မှ ဒုတိယဥက္ကဋ္ဌက ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ညစာဖြင့်တည်ခင်း

ညပိုင်းတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌဒေါက်တာဒေါ်ခင်ဝင်းရွှေက All China Women's Federation မှ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား ကရဝိက်နန်းတော်၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ညစာစားပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပါမောက္ခဒေါက်တာဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်း၊အထွေထွေအတွင်းရေးမှူးပါမောက္ခဒေါက်တာဒေါ်ခင်အေးဝင်းနှင့် အတွင်းရေးမှူးအဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖျော်ဖြေဧည့်ခံ

ဧည့်သည်တော်များအား ညစာမသုံးဆောင်မီ မြန်မာ့ရိုးရာယဉ်ကျေးမှုအကပဒေသာဖြင့် ဖျော်ဖြေဧည့်ခံပြီး ညစာဖြင့် တည်ခင်းဧည့်ခံသည်။

(အောက်ပုံ) (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါက်တာဒေါ်ခင်ဝင်းရွှေအား တရုတ်အမျိုးသမီးရေးရာအဖွဲ့မှဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၂၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ All China Women's Federation (ACWF) မှ ဒုတိယဥက္ကဋ္ဌ Mme. Chen Xiurong နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သံလွင်လမ်းရှိ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာန ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပါမောက္ခဒေါက်တာဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့နှင့် ဒေါ်ခင်ခင်ဝင်း၊အထွေထွေအတွင်းရေးမှူးပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် All China Women's Federation (ACWF) မှ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့က ACWF နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းများကို ပါမောက္ခဒေါက်တာဒေါ်ခင်အေးဝင်းက ရှင်းလင်းပြောကြားသည်။

ယင်းနောက် ACWF မှ ဒုတိယဥက္ကဋ္ဌသည် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး တက်ရောက်လာသူများနှင့် စုပေါင်းဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ဧည့်သည်တော်နှင့်အဖွဲ့သည် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနအတွင်း လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

လျှပ်စစ်ကျွမ်းကျင် သင်တန်းဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၂၄

ရဲမြန်မာ လျှပ်စစ်ကျွမ်းကျင်သင်တန်းမှ Generators, Motors, Transformers, Circuit Breakers, Relays, Overhead Lines, Under Ground Cables, Lightning Arresters, Electrical Measuring-Instruments, Earthing Systems, Electrical Home Appliances, Electrical Safety Devices, House Wiring, Power Installation ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ စနစ်တကျသင်ကြားပေးမည်။ စိတ်ပါဝင်စားသူများ ရဲမြန်မာလျှပ်စစ် ကျွမ်းကျင်သင်တန်း အမှတ် ၄၃ စတုတ္ထထပ် လမ်း ၁၄၀ မအူကုန်းရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၂၆၅၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

အောင်ဆန်းသူရိယလှသောင်းကျောင်း အထက(၂)မင်္ဂလာဒုံအာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၂၄

အောင်ဆန်းသူရိယလှသောင်းကျောင်း အထက(၂)မင်္ဂလာဒုံတွင် ၁၉၇၂ခုနှစ်မှ ၂၀၀၃ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့၊ ထမ်းဆောင်ဆဲ အသက်(၅၀)အထက် ဆရာ ဆရာမကြီးများအား တတိယအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၄ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်း လှသောင်းခန်းမ၌ကျင်းပမည်ဖြစ်သည်။အပူဇော်ခံဆရာ ဆရာမများနှင့် ကျောင်းသားဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို အထက(၂) မင်္ဂလာဒုံ ဖုန်း-၆၃၅၃၈၅၊ ဦးလှထွန်း ဖုန်း-၆၃၅၅၇၆၊ ဗိုလ်ကြီးကျော်သူရနိုင် ဖုန်း-၀၉-၅၀၁၁၂၅၈၊ မချိုနွယ်ဦး ဖုန်း-၀၉-၅၀၂၀၅၂၇၊ မစန်းစန်းအောင် ဖုန်း-၂၄၉၃၄၆၊ ဒေါ်တင်တင်ဝင်း ဖုန်း-၀၉-၅၀၁၃၆၆၇၊ ဒေါ်တင်ဆန်း ဝင်း ဖုန်း-၀၉-၈၀၂၂၉၃၇၊ မစုစုကြည် ဖုန်း-၆၃၆၂၆၉ နှင့် မမိုးစပယ် ဖုန်း-၆၃၅၃၉၁ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

နတ်မောက်မြို့နယ်အသင်း(ရန်ကုန်) ပူဇော်ပွဲနှင့်ထူးချွန်ဆုချီးမြှင့်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၄

နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)၏ (၁၄)ကြိမ်မြောက် သက်တော်ရှည်ဆရာတော်ကြီး၊ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ စာအောင် သံဃာတော်များနှင့်သက်ကြီးမိဘများအား ပူဇော်ခြင်းနှင့် ၂၀၀၂-၂၀၀၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ရက် နံနက်၉နာရီတွင် ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်းနှင့်ကမ်းနားလမ်းထောင့်ရှိနိုင်ငံတော်သာခုပရိယတ္တိစာသင်တိုက်၌ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

လူကုန်ကူးမှုတားဆီးကာကွယ်ရေး အိမ်နီးချင်းနိုင်ငံများပူးပေါင်းရေးဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၂၄

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီ၏ (၈/၂၀၀၃)အစည်းအဝေးကို ယနေ့မွန်းလွဲ၁နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ဘုန်းဆွေတက်ရောက်အမှာစကားပြောကြားပြီး ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှအရာရှိကြီးများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းနှင့် ကုလသမဂ္ဂ၊ မဲခေါင်ဒေသ လူကုန်ကူးမှုတိုက်ဖျက်ရေးအစီအစဉ်(UNIAP)တို့မှ တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ အိမ်နီးချင်းနိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန် လုပ်ငန်းစဉ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လွတ်လပ်ရေးကို ဤသို့ ထိန်းသိမ်းကာကွယ်ခဲ့ရသည်

ကေ တု နီ လာ

၁၉၆၂ခုနှစ် မတ်လ ၂ရက်တွင် တပ်မတော်က နိုင်ငံတော်အာဏာကို ထိန်းသိမ်းလိုက်ခြင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေး တာဝန်ကြီးကို ရဲရင့်ပြတ်သားစွာ ထမ်းဆောင်လိုက်ခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်၏ သမိုင်းကြောင်း အလှည့်အပြောင်းလည်း ဖြစ်သည်။

တော်လှန်ရေးကောင်စီသည် ၁၉၆၂ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ချမှတ်ထုတ်ပြန်ပြီး ယင်းလမ်းစဉ်ဖြင့် နိုင်ငံကိုတည်ဆောက်မည်ဟု ကြေညာခဲ့သည်။ နိုင်ငံရေးပါတီအဖြစ် ၁၉၆၂ခုနှစ် ဇူလိုင်လ ၄ ရက်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို စတင်စည်းရုံးဖွဲ့စည်းခဲ့သည်။ ထိုအချိန်တွင် နိုင်ငံရေးအဖွဲ့အစည်း အမျိုးမျိုး၊ အယူဝါဒအမျိုးမျိုး၊ လူတန်းစားနှင့် အလွှာအမျိုးမျိုး ကွဲပြားလျက်ရှိရာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ရရှိလာစေရန် လမ်းစဉ်ပါတီက ကြိုးပမ်းခဲ့သည်။

တော်လှန်ရေးကောင်စီသည် ၁၉၆၂ခုနှစ် မတ်လ ၄ ရက်တွင် တစ်ကြိမ်၊ မေလ ၇ ရက်တွင်တစ်ကြိမ်၊ မေလ ၁၇ ရက်တွင် တစ်ကြိမ် စုစုပေါင်း သုံးကြိမ်တိုင် နိုင်ငံရေးပါတီကြီးများဖြစ်သော ပထစ၊ ဖဆပလ၊ ပမညတ ခေါင်းဆောင်များနှင့် တွေ့ဆုံ၍ ယင်း၏သဘောထားကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တော်လှန်ရေးကောင်စီသည် လက်နက်ကိုင်ဆန့်ကျင်တိုက်ခိုက်နေကြသော အဖွဲ့အစည်းများအား တွေ့ဆုံဆွေးနွေးခြင်းဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရယူတည်ဆောက်ရန် ၁၉၆၃ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။ အလံဖြူ ကွန်မြူနစ်ပါတီ (ဗကပ)၊အလံနီကွန်မြူနစ်ပါတီနှင့် အခြားသောင်းကျန်းသူအဖွဲ့ ခြောက်ဖွဲ့ အပါအဝင် စုစုပေါင်းရှစ်ဖွဲ့သည် တော်လှန်ရေးကောင်စီနှင့် လာရောက်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံဆွေးနွေးခဲ့ကြသော အဖွဲ့များအနက် စောဟန်တာသာမွေး ခေါင်းဆောင်သော ကေအာရ်စီအဖွဲ့နှင့်သာ ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုအောင်မြင်ခဲ့သည်။

တော်လှန်ရေးကောင်စီသည် တလုံးတစည်းတည်းသော အမျိုးသားစည်းလုံးညီညွတ်ရေး တည်ဆောက်နိုင်ရန်အတွက် နိုင်ငံရေးပါတီအဖွဲ့အစည်း အားလုံးကို ဖျက်သိမ်းစေခဲ့သည်။

ယင်းနှင့် တစ်ဆက်တည်းပင် တော်လှန်ရေးကောင်စီသည် သောင်းကျန်းသူ အဖွဲ့များကိုလည်း ပြည်တွင်းပဋိပက္ခချုပ်ငြိမ်းရေးအတွက် စစ်ရေးအရ အရေးယူဖြေရှင်း ဆောင်ရွက်ခဲ့ရသည်။ စစ်ရေးအရ အရေးယူရာတွင် ၁၉၆၂ခုနှစ် မတ်လ ၂ရက်နေ့နောက်ပိုင်းမှ ၁၉၆၂ ခုနှစ်ကုန်အထိ စစ်ဆင်ရေးများဖြင့် ဗကပ၊ မဒညတ၊ ကူမင်တန်တို့နှင့် အခြားသောင်းကျန်းသူအဖွဲ့များကို တပ်မတော်က တိုက်ခိုက်ရှင်းလင်းခဲ့ရသည်။

အလားတူပင် ၁၉၆၄ ခုနှစ်တွင် သောင်းကျန်းသူများအား ဆက်လက်တိုက်ခိုက် ရှင်းလင်းခဲ့ရာ သောင်းကျန်းသူအင်အား ၁၇၆၀ ကျော် ကျဆုံးခဲ့သည်။ ၁၉၆၅ ခုနှစ် စစ်ဆင်ရေးများတွင်လည်း သောင်းကျန်းသူအင်အား ၉၀၀ကျော် ကျဆုံး၍ ၃၅၀ကို လက်ရဖမ်းမိပြီး ၂၄၆၆ဦး လက်နက်ချခဲ့ကြသည်။ ၎င်းအပြင် ၁၉၆၅ ခုနှစ်မှ ၁၉၆၈ ခုနှစ်အတွင်း စစ်တိုင်းကြီးများအလိုက် ဆင်နွှဲခဲ့သော စစ်ဆင်ရေးကြီးများလည်း ရှိခဲ့သည်။

အထူးသဖြင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ ကွပ်ကဲမှုဖြင့် ဆင်နွှဲခဲ့သော ရွှေလင်းယုန်၊ မိုးဟိန်း၊ ရွှေလဝင်းစစ်ဆင်ရေးများသည် တပ်မတော်နှင့် ဒေသခံပြည်သူတို့ ပူးပေါင်းပြီး မြစ်ဝကျွန်းပေါ်ရှိ ဗကပ၊ မဒညတအပါအဝင် သောင်းကျန်းသူများကို ချေမှုန်းရှင်းလင်းနိုင်ခဲ့သည်။ ယင်းနောက် ပြည်ပအကူအညီဖြင့် နိုင်ငံတော်ကိုဖြိုခွဲမည့် ပြည်ပြေးအဖွဲ့များက မြစ်ဝကျွန်းပေါ်ဒေသတွင် လှုပ်ရှားလာခဲ့၍ “ထော်ပိုင်စစ်ဆင်ရေး”ဖြင့် ရှင်းလင်းနှိမ်နင်းခဲ့ရသည်။ ယင်းစစ်ဆင်ရေးအား ၁၉၇၂ခုနှစ် စက်တင်ဘာလ ၂၇ ရက်မှစတင်ပြီး ဒေသခံပြည်သူစစ်အင်အား နှစ်သောင်းကျော်အပါအဝင် တပ်မတော်နှင့်ပြည်သူတို့ ပူးပေါင်းဆင်နွှဲခဲ့သည်။ ထော်ပိုင် စစ်ဆင်ရေးတွင် ပြည်ပြေးအဖွဲ့မှ ရှစ်ဦး ကျဆုံးပြီး ၅၆ဦး ဖမ်းဆီးရမိကာ လက်နက်မျိုးစုံ ၈၂ လက် သိမ်းဆည်းရမိခဲ့သည်။ တပ်မတော်မှ စစ်သည်ရှစ်ဦး နိုင်ငံအတွက် အသက်ပေးလှူခဲ့ရပြီး ၁၂ဦး ဒဏ်ရာရရှိခဲ့သည်။ “ထော်ပိုင်စစ်ဆင်ရေး” သည် တပ်မတော်နှင့်ပြည်သူတို့၏ စည်းလုံးညီညွတ်ခဲ့သော အောင်ပွဲအဖြစ် ၁၉၇၂ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် မှတ်တမ်းတင်ပြီးဆုံးခဲ့သည်။ မြစ်ဝကျွန်းပေါ်ဒေသတစ်ခုလုံး တည်ငြိမ်အေးချမ်းလာခဲ့သည်။

ထို့အတူ ပဲခူးရိုးမကို အခြေခံထားသော ဗကပဌာနချုပ်ကိုလည်း တပ်မတော်သည် ၁၉၆၇ခုနှစ် ဩဂုတ်လ ၂ ရက်နေ့တွင် “မော်နိုင်စစ်ဆင်ရေး”ဖြင့် ရှင်းလင်းနှိမ်နင်းခဲ့သည်။ ယင်းနောက် တပ်မတော်သည် ၁၉၆၇ ခုနှစ် နိုဝင်ဘာလကုန်မှ စတင်၍ သာယာဝတီမြောက်ခြမ်းနှင့် ပြည်ခရိုင်တောင်ခြမ်း တောင်ညို၊ ရွှေလေးဒေသရှိ ဗကပဌာနချုပ်ကို “ပြည်သာယာစစ်ဆင်ရေး”ဖြင့် ဝင်ရောက်ရှင်းလင်းတိုက်ခိုက်ခဲ့ရာ ၁၉၆၈ ခုနှစ် ဧပြီလ ၁၆ ရက်နေ့တွင် ဗကပဌာနချုပ်အား သိမ်းပိုက်နိုင်ခဲ့သည်။ တစ်ဆက်တည်းမှာပင် ၁၉၆၉ခုနှစ် မတ်လမှ စက်တင်ဘာလအထိ ခုနစ်လကြာမြင့်ခဲ့သော “တေဇစစ်ဆင်ရေး”ဖြင့် ဗကပ ဗဟိုဌာနချုပ်ကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့သည်။

၁၉၆၉ ခုနှစ်တွင် တပ်မတော်သည် ဗကပခေါင်းဆောင်သော မဒညတ အဖွဲ့ကိုချေမှုန်းခဲ့သည်။ ၁၉၆၉ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် ငါးပြေမ စားကျက်အတွင်း “တံခွန်စစ်ဆင်ရေး”ဖြင့် ရှင်းလင်းချေမှုန်းခဲ့ရာ ဗကပ ၃၀ကျော်ကို အသေရရှိခဲ့သည်။



အလံနီ ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်အဖွဲ့နှင့် ဗမာပြည် ကွန်မြူနစ်ပါတီ ကိုယ်စားလှယ် အဖွဲ့တို့သည် တော်လှန်ရေးကောင်စီနှင့် ဆွေးနွေးခြင်းကို ရပ်စဲလိုက်ပြီးနောက် ပြည်သူတို့ကို ကျောခိုင်းကာ ဤသို့တောတွင်းသို့ ပြန်သွားခဲ့ကြသည်။

အလားတူပင် ၁၉၇၃ ခုနှစ် ဇူလိုင်လတွင် တပ်မတော်သည် “လျှပ်စစ်စစ်ဆင်ရေး”ကို ဆင်နွှဲခဲ့ရာ ဇူလိုင်လ ၁၇ ရက်နေ့တွင် ဗကပ ဗဟိုဌာနချုပ် လေးကထိစခန်းအား ဝင်ရောက်စီးနင်းသိမ်းပိုက်နိုင်ခဲ့သည်။ ဗကပ ဗဟိုဌာနချုပ်သည် တပ်မတော်စစ်ဆင်ရေးကြောင့် အတည်တကျမရှိဘဲ ရွှေ့ပြောင်းနေခဲ့ရာ ပဲခူးချောင်းဖျားရှိ တောင်ပေါ်ကိုးရွာအနီး တာတလူမြောင်၌ ယာယီစခန်းချလျက်ရှိနေစဉ် ၁၉၇၄ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် တပ်မတော်က ဝင်ရောက်တိုက်ခိုက်သဖြင့် ဗကပဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့သည် တကွဲတပြားစီ ထွက်ပြေးခဲ့ကြရသည်။ ထိုအချိန်မှစ၍ ပဲခူးရိုးမရှိ ဗကပတို့သည် တစ်စစီ ပြိုကွဲလာခဲ့သည်။ ၁၉၇၄ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် ဒိုက်ဦးမြို့နယ်ဖားစောအေးချောင်းရှိ ဗကပနှင့်မဒညတတို့၏အလင်းရောင်စခန်းကို တပ်မတော်က တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။ ၁၉၇၅ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် ပဲခူးရိုးမဒေသရှိ ရဲနွယ်ဖွတ်ကြားချောင်း၌ ဖြစ်ပွားသော တပ်မတော်၏ စစ်ဆင်ရေးတစ်ခုတွင် ဗကပဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ ကျဆုံးခဲ့ပြီးနောက် ပဲခူးရိုးမရှိ ဗမာပြည် ကွန်မြူနစ်ပါတီ (ဗကပ)သည် ချုပ်ငြိမ်းပြိုကွဲသွားခဲ့လေတော့သည်။

အချုပ်ဆိုရသော် တပ်မတော်သည် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို ကြိုးပမ်းခဲ့သည်။ တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲပြုလုပ်ခဲ့သည်။ နိုင်ငံတော် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိပါးလာသည့် ပြည်တွင်းပြည်ပသောင်းကျန်းသူများကို တိုက်ခိုက်နှိမ်နင်းခဲ့ရသည်။

တစ်ချိန်တည်းမှာပင် တော်လှန်ရေးကောင်စီသည် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲပြီး ပြည်သူ့ဆန္ဒခံယူပွဲကို ၁၉၇၃ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်နေ့တွင် ကျင်းပခဲ့သည်။ ထို့နောက် ပြည်သူ့ဆန္ဒနှင့်အညီ ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၃ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်း၌ မြန်မာနိုင်ငံ၏ အစိုးရ အုပ်ချုပ်ရေးများကို ကြည့်လျှင် ၁၉၄၈ခုနှစ်မှ ၁၉၅၈ခုနှစ်အထိ ဖဆပလ အစိုးရ၏ ပါလီမန်ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်၊ ၁၉၅၈ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ အိမ်စောင့်အစိုးရ အုပ်ချုပ်ရေးစနစ်၊ ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၂ခုနှစ် မတ်လ ၁ရက်နေ့အထိ ပထစအစိုးရ၏ ပါလီမန်ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်၊ ၁၉၆၂ခုနှစ် မတ်လ ၂ရက်နေ့မှ ၁၉၇၄ခုနှစ် မတ်လ၂ရက်နေ့အထိ တော်လှန်ရေးကောင်စီ အုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ထိုကာလများအတွင်း တပ်မတော်သည် နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည် မဆုံးရှုံး စေရေးအတွက် နိုင်ငံကာကွယ်ရေးတာဝန်များအပြင် ကျရာကဏ္ဍမှ စွမ်းစွမ်း တမံ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်တို့မှာ ထင်ရှားသည့်သမိုင်းမော်ကွန်းများပင် ဖြစ်ပေတော့သည်။ ။

မြန်မာ့လွတ်လပ်ရေးနှင့်အတူ
သောင်းကျန်းမှုကို မြန်မာ့တပ်မတော

တပ်မတော်နှင့် ပြည်သူပူးပေါ
ထံမှ သိမ်းဆည်းရမိသည့် လက်န

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြို ဂုဏ်ပြုဆောင်းပါးနှင့် သမိုင်းပုံရိပ်လွှာ

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်း၌ မြန်မာနိုင်ငံ၏ အစိုးရအုပ်ချုပ်ရေးများကို ကြည့်လျှင် ၁၉၄၈ခုနှစ်မှ ၁၉၅၈ခုနှစ်အထိ ဖဆပလ အစိုးရ၏ ပါလီမန်ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်၊ ၁၉၅၈ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ အိမ်စောင့်အစိုးရ အုပ်ချုပ်ရေးစနစ်၊ ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၂ခုနှစ် မတ်လ၁ရက်နေ့အထိ ပထစအစိုးရ၏ ပါလီမန်ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်၊ ၁၉၆၂ခုနှစ် မတ်လ ၂ရက်နေ့မှ ၁၉၇၄ခုနှစ် မတ်လ၂ရက်နေ့အထိ တော်လှန်ရေးကောင်စီ အုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ထိုကာလများအတွင်း တပ်မတော်သည် နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည် မဆုံးရှုံး စေရေးအတွက် နိုင်ငံကာကွယ်ရေးတာဝန်များအပြင် ကျရာကဏ္ဍမှ စွမ်းစွမ်းတမံ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်တို့မှာ ထင်ရှားသည့်သမိုင်းမော်ကွန်းများပင် ဖြစ်ပေတော့သည်။ ။



မြန်မာ့လွတ်လပ်ရေးနှင့်အတူ နယ်ချဲ့တို့၏ သွေးထိုးမှုကြောင့် ဖြစ်ပေါ်လာသည့် ပြည်တွင်းသောင်းကျန်းမှုကို မြန်မာ့တပ်မတော်နှင့်အတူ ပါဝင်တိုက်ခိုက်ခဲ့သည့် စစ်ရေယာဉ်“မေယု”။



ချေမှုန်း

စစ်ဆင်ရေးများတွင် မြန်မာ့တပ်မတော်(လေ)မှ ဘရစ္စတို လေယာဉ်များကိုလည်း ဤသို့ **အသုံးပြုခဲ့သည်။**

တပ်မတော်နှင့် ပြည်သူပူးပေါင်းတိုက်ပွဲဝင်ခဲ့သော ထော်ပိုင်စစ်ဆင်ရေးတွင် သောင်းကျန်းသူများထံမှ သိမ်းဆည်းရမိသည့် လက်နက်များကို တွေ့ရစဉ်။



စစ်ဆင်ရေးများတွင် ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုကြောင့် မြစ်ဝကျွန်းပေါ် တစ်ဝန်းရှိ လက်နက်ကိုင် သောင်းကျန်းသူများ ဤသို့ အစုလိုက်အပြုံလိုက် လက်နက်ချခဲ့ကြသည်။

မြစ်ဝကျွန်းပေါ်ဒေသတွင် သက်ဆိုးရှည်ခဲ့သည့် ရောင်စုံ သောင်းကျန်းသူများအား ရွှေလင်းယုန်၊ မိုးဟိန်း စစ်ဆင်ရေးများဖြင့် နှိမ်နင်းချုပ်ငြိမ်းစေခဲ့ပြီးနောက် နိုင်ငံတော်၏ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်ရာတွင် ပြည်သူ့စစ်များကလည်း ဤသို့ တက်ကြွစွာ ပါဝင်ခဲ့ကြသည်။

25-12 (9).p65 2 3/24/05, 8:14 PM

အောင်ခြင်းမင်္ဂလာ အခါပေးဗေဒင်ပြက္ခဒိန် ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၂၄

၂၀၀၄ ခုနှစ် အောင်ခြင်းမင်္ဂလာ အခါပေးဗေဒင်ပြက္ခဒိန်ကို ပင်ရင်း မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာဦးမြင့်လွင် ဖုန်း-၅၈၀၂၆၄၊ ရန်ကုန်ဖြန့်ချိရေး ဦးစိုးနိုင် ဖုန်း-၅၆၀၇၄၉ နှင့် မန္တလေးဖြန့်ချိရေး ဆန်းစတား ဖုန်း-၃၁၀၅၅ တို့က ဖြန့်ချိထားသည်။

(က-ပ)

သားငါးပွားမြိုး ပြည်အကျိုး

ခရစ်တော်အပေါ်ထားရှိသော ကျွန်ုပ်တို့၏ ယုံကြည်ခြင်းတရားကြောင့် ငြိမ်းချမ်းသာယာခြင်းကို ဆောင်ကြဉ်းသူများ ဖြစ်ကြရ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းသည် ခရစ်ယာန်ဘဝတစ်သက်တာ ပျော်ရွှင်ခြင်းအနှစ်သာရပင်ဖြစ်



ခရစ္စမတ်သဝဏ်လွှာ - ၂၀၀၃

ခရစ္စမတ်နေ့ အောင်တော်မူပွဲတော်



စိတ်သဘောထား ရိုးသားဖြောင့်မတ်သူအားလုံးအပေါ် ဖွားမြင်တော်မူသော ခရစ်တော်၏ အောင်တော်မူခြင်း မင်္ဂလာအပေါင်း ခသောင်းကြပါစေ။

ယေရှုခရစ်တော်မွေးဖွားသန့်စင်သည့် ခရစ္စမတ်နေ့ကို အောင်တော်မူခြင်းပွဲတော်ဟု ခေါ်ဝေါ်သမုတ်လိုက်သည်နှင့် အသစ်အဆန်းတစ်ခုဟူ၍ ထင်မှတ်ဖွယ်ရာ ဖြစ်ပေလိမ့်မည်။ မိမိနေရင်းမြို့ရွာမှ ဝေးတစ်နေရာတွင် မွေးဖွားရခြင်း၊ တည်းစရာ နေရာမရနိုင်ခြင်း၊ မွေးဖွားပြီး နွားစားခွက်၌သာ သိပ်ထားခံရခြင်း၊ လိုက်လံညှဉ်းဆဲခံရခြင်းကြောင့် အရပ်တစ်ပါးသို့ တိမ်းရှောင်ရခြင်းတို့ကို တွေ့ကြုံခဲ့ရသည်။ အချိန်တန်အရွယ်ရောက်၍ တရားဒေသနာတော် လှည့်လည်ဟောကြားသည့် အချိန်တွင်လည်း ခေါင်းချအနားယူစရာ နေရာဟူ၍မရှိဘဲ နေခဲ့ရ၏။ စင်စစ် ယေရှုခရစ်တော်သည် ဆရာတစ်ဆူသာဖြစ်ပြီး စိုးမိုးအောင်နိုင်သူတစ်ဦး မဟုတ်ခဲ့ပါ။ အစေခံကျွန်သာဖြစ်ပြီး စေခိုင်းသူမဟုတ်ပါ (မာ ၁၀း၄၅)။ ခရစ်တော်၏ တစ်ခုတည်းသော အောင်မြင်ခြင်းသာဓကကို ဖော်ပြရသော် မြည်းကိုစီး၍ ယေရုဇလိမ်မြို့ထဲသို့ ကြွဝင်တော်မူပြီးနောက် မစိုးရိမ်ကြနှင့်၊ ငါသည် လောကကို အောင်ပြီ (ယော ၁၆း၃၃)ဟူ၍ အခိုင်အမာ မိန့်တော်မူခဲ့၏။ ဤသည်ကား ခရစ်တော်၏ နောက်ဆုံးသြဝါဒ အဆုံးသတ် ပြောကြားချက်ဖြစ်ပါသည်။ ဤအကြောင်းအရာများသည် ကိုယ်တော်၏ မွေးနေ့တော်ကို အောင်တော်မူနေ့ဟူ၍ ကျွန်ုပ်တို့ သမုတ်ရခြင်း၏အကြောင်းရင်း ဖြစ်တော့သည်။ တစ်နည်းဆိုသော် ခရစ္စမတ်ပွဲတော်သည် လောကဆန်သော စိတ်နေစိတ်ထားကို အောင်မြင်သည့်နေ့၊ စိုးမိုးခြယ်လှယ်မှုပြုလိုသည့် စိတ်သဘောကို အောင်မြင်သည့်နေ့၊ လူမျိုးရေးအရ ခွဲခြားဆက်ဆံခြင်းကို အောင်မြင်သည့်နေ့၊ ဘုန်းတန်ခိုးတွယ်တာမှုကို အောင်မြင်ပြီး အစေခံခြင်းအမှုကို ကျင့်သုံးနိုင်သည့် နေ့တို့ပင် ဖြစ်ပေသည်။

လူမှုရေးအဟန့်အတားမှန်သမျှကို ဖြိုခွဲသောပွဲတော်

ကျွန်ုပ်တို့ အမိမြန်မာပြည်ကြီးသည် ရိုးရာဓလေ့အရ မကြာခဏ ပွဲလမ်းသဘင်များ ကျင်းပကြစမြဲဖြစ်၍ ဆွေမျိုးသားချင်း ပြန်လည်ဆုံစည်းခြင်း၊ လူသူအများ စုရုံးခြင်းစသည့် အခွင့်အလမ်းကောင်းများ ရရှိစေပါသည်။ ခရစ္စမတ်ပွဲတော်ကို ကျင်းပကြသည့်အခါသမယတွင် ကျွန်ုပ်တို့ ဒေသခံ ခရစ်ယာန်များ အထူးနှလုံးသွင်းဆင်ခြင်ဖွယ်ရာ အကြောင်းအချက် များစွာရှိနေ၏။ ခရစ္စမတ်၏ အဓိပ္ပာယ်အနှစ်သာရနှင့် ပတ်သက်၍ ကျွန်ုပ်တို့ ခရစ်ယာန်ဘာသာဝင်အစုအသင်းအဖို့ မိမိတို့ဘဝအတွက် မည်သို့သက်ရောက်မှုရှိကြောင်း၊ ကျွန်ုပ်တို့၏ အိမ်နီးနားချင်းများ၊ မိတ်ဆွေအပေါင်းအသင်းများအဖို့၊ နိုင်ငံသားအချင်းချင်းအဖို့ ခရစ္စမတ်က မည်မျှအထောက်အကူပေးနိုင်ကြောင်း စသည့် စဉ်းစားတွေးခေါ်မှုများ ဖြစ်ပေါ်သင့်ကြပေသည်။

ခရစ္စမတ်သည် အညတရ သိုးကျောင်းသားများသာမက အရှေ့တိုင်းမှ ပညာရှိမင်းများ၏ပွဲ၊ ယုဒလူများသာမက တစ်ပါးအမျိုးသားတို့၏ပွဲ၊ ဆီမေအုံနှင့် အားနာ သက်ကြီးရွယ်အိုတို့၏ပွဲ၊ တောရွာဇနပုဒ်ပွဲ၊ မြို့ကြီးပြကြီး၏ပွဲ ဖြစ်သည့်အပြင် ခရစ်တော်၏အထိန်းတော် ဂျိုးဇက်နှင့် အမိ မယ်တော်မာရိယအဖို့လည်း ပွဲတော်အမှန်ဖြစ်၏။ ထို့ကြောင့် ခရစ္စမတ်ပွဲသည် တိုင်းနိုင်ငံများအချင်းချင်း၊ လူမျိုးအဆင့်အတန်း၊ အရောင်အဆင်း စည်းခြားမှု အဟန့်အတားမှန်သမျှတို့ကို ကျော်လွှားစေသော အောင်မြင်ခြင်း အထိမ်းအမှတ်ပွဲတော်ဖြစ်၏။

အကြောက်တရားကို အနိုင်ယူသည့်ပွဲတော်

ယခုကဲ့သို့ ခရစ်တော်၏ မွေးနေ့မြတ်ကို တခမ်းတနားကျင်းပကြသည့် အခါသမယတွင် ငြိမ်းချမ်းသာယာခြင်းကို အာရုံစိုက်တည်ဆောက်ကြရန် ကျွန်ုပ်တို့အား ဘုရားရှင်မိန့်မှာတော်မူခြင်း ဖြစ်သည်။ ဤငြိမ်းချမ်းသာယာရေးကား ကယ်တင်ရှင် မက်ဆိယသခင်ထံတော်မှ ကျွန်ုပ်တို့ တစ်ဦးစီအဖို့ အထူးလက်ဆောင်မွန်ဖြစ်ပြီး မည်သည့်အာဏာစက်၊ မည်သည့်သြဇာ လွှမ်းမိုးခြင်းမှ လုယူခြင်း၊ ဖျက်လိုဖျက်ဆီးခြင်း ပြုနိုင်မည်မဟုတ်ပေ။ လူသူအကြား သဟဇာတရှိစေခြင်းသည်ပင်လျှင် ငြိမ်းချမ်းသာယာခြင်းကို ဆောင်ကြဉ်းခြင်းမည်၏။ ခရစ်တော်အပေါ် ထားရှိသော ကျွန်ုပ်တို့၏ ယုံကြည်ခြင်းတရားကြောင့် ကျွန်ုပ်တို့သည် ငြိမ်းချမ်းသာယာခြင်းကို ဆောင်ကြဉ်းသူများ အလိုလိုဖြစ်ကြရ၏။ ငြိမ်းချမ်းရေးကို တည်ဆောက်ခြင်းသည် ခရစ်တော်နောက်လိုက် ခရစ်ယာန်ဘဝတစ်သက်တာ၏ ပျော်ရွှင်ခြင်းအနှစ်သာရပင် ဖြစ်သည်။ (မဿဲ ၅း၉)

ငြိမ်းချမ်းသာယာခြင်း ဆုလက်ဆောင်ရှင် ယေရှုခရစ်တော်သည် အဖဘုရားသခင်ကိုယ်တော်တိုင် ပါးလိုက်သော "ကြောက်ရွံ့ခြင်း မရှိကြနှင့်" ဟူသော နှစ်သိမ့်အားပေးစကားဖြစ်၏။ ထိုအားတက်ဖွယ်သတင်းကောင်းကို ကောင်းကင်တမန် ဂါဗြီအဲလ်၏ နှုတ်အားဖြင့် "ကြောက်ရွံ့ခြင်း မရှိလေနှင့်" (လု-၁း၁၃-၃၀၊ ၂း၁၀)ဟူ၍ သုံးကြိမ်သုံးခါတိုင်တိုင် မြွက်ကြားခဲ့လေသည်။ ဤကား လူမျိုးတကာ၊ ယဉ်မွန်ယဉ်ကျေးဓလေ့ထုံးစံ၊ အထူးသဖြင့် အပယ်ခံ အထီးကျန်လူသားအပေါင်းတို့အဖို့ ကယ်တင်ခြင်းသတင်းကောင်းပေတည်း။ ထို့ကြောင့် ယေရှုခရစ်တော်သည် ဘုရားသခင်၏ ငြိမ်းချမ်းသာယာခြင်း အမှတ်သင်္ကေတဖြစ်တော်မူသည်နှင့်အညီ ကိုယ်တော်သည် လူသားအားလုံး အထူးသဖြင့် အဖိနှိပ်ခံလူတန်းစားတို့နှင့်အတူ ရှိတော်မူသော စည်းလုံးညီညွတ်မှု၏ ဘုရားဖြစ်တော်မူသည်။ 'ဧမာနွေလ်'တည်းဟူသော ကျွန်ုပ်တို့နှင့်အတူ ရှိတော်မူသောဘုရားသည် ကျွန်ုပ်တို့ လူသားအားလုံးနှင့်သာမက တစ်ဦးစီ၏ အတွင်းစိတ်နှလုံးထဲဝယ် အပြန်အလှန်ဆက်ဆံရေး၊ အတူယှဉ်တွဲနေထိုင်လိုသော စိတ်တို့ကို တဖွားဖွား ရှင်သန်လာစေလေသည်။

စည်းခြားဘေးဖယ်ထားခြင်းခံရသောဘဝမှ လွတ်မြောက်စေသောပွဲတော်

ကယ်တင်ရှင်ဖွားမြင်ခြင်း၏ သတင်းကောင်းမျှဝေခြင်းသည် ပြည့်ဝစုံလင်သော အသက်ရှင်ခြင်းဘဝသို့ ခေါ်ဖိတ်ခြင်းဖြစ်၏။ တစ်နည်းဆိုသော် ကျွန်ုပ်တို့အလယ်၌ စံပယ်တော်မူသော ဘုရားနှင့် ပေါင်းစပ်နိုင်ကြဖို့ ကျွန်ုပ်တို့လူသားအချင်းချင်း အတူယှဉ်တွဲနေထိုင်ခြင်း ပြုကြရမည်ဖြစ်သည်။ အထူးသဖြင့် အားအင်ချည့်နဲ့သောသူများ၊ အကာအကွယ်မဲ့သူများ၊ မျက်နှာငယ်သော သူများတို့နှင့် ပေါင်းစည်းရပ်တည်ကြရမည်။ အကြောင်းမူကား ကျွန်ုပ်တို့နှင့်အတူရှိတော်မူသော ဘုရားသည် အလွန်ဆင်းရဲနွမ်းပါးလှသော လူမမည်လေးအသွင်ဖြင့် ဖွားမြင်တော်မူခြင်းအားဖြင့် ဘုရားရှင်နှင့် ကျွန်ုပ်တို့ လူသားတို့အား ပြန်လည်ပေါင်းစည်းပေးတော်မူခဲ့လေပြီ။ တစ်ဦးနှင့်တစ်ဦး အကြား၌ဖြစ်စေ၊ ကျွန်ုပ်တို့နှင့် ဖန်ဆင်းခြင်းခံအရာ သတ္တဝါတို့အကြား၌ဖြစ်စေ ထားရှိရမည့် အပြန်အလှန်ဆက်သွယ်ခြင်း နိယာမဟူမူကား ယေရှုခရစ်တော်ပင် ဖြစ်လေ၏။ အဘယ်ကြောင့်ဆိုသော် လူ့အဖြစ်ယူဆောင်တော်မူသော နှုတ်ကပါဌ်တော်အားဖြင့် ဘုရားသခင်သည် လူ့ယဉ်ကျေးမှုတိုင်း၊ တိုင်းနိုင်ငံတိုင်းနှင့် ခေတ်ကာလတိုင်းတွင် လူသစ်စိတ်သစ်ဖြင့် အစဉ်ရှင်သန်နေသည့် အမှတ်သင်္ကေတဖြစ်စေရန် အလိုရှိတော်မူသည်။ လူသားအချင်းချင်း တန်းတူညီတူပေါင်းသင်းနိုင်ပါမှ ဧဝံဂေလိသတင်းကောင်းသည် လူ့ယဉ်ကျေးမှုဓလေ့တိုင်း၌ စိမ့်ဝင်ပျံ့နှံ့လာနိုင်မည် ဖြစ်ပါသည်။ ကေန်စင်စစ် နှိမ့်ချဖလှယ်ခြင်းနှင့် သဟဇာတရှိခြင်းသည် ဧမာနွေလ်အရှင်၏ လမ်းစဉ်အမှန်ဖြစ်ခဲ့ပါလျှင် လူသားအချင်းချင်းအဖို့ သက်သေခံခြင်းနှင့် အစေခံခြင်း၏ လမ်းစဉ်လည်း ဖြစ်ရပါမည်။ ဤသို့ဆိုလျှင် ခရစ္စမတ်ပွဲတော်သည် စည်းခြား ဘေးဖယ်ထားခြင်း ဟူသမျှတို့ကို အောင်ပွဲဆင်သည့်ပွဲတော် ဧကန်အမှန် ဖြစ်ပေသည်။

အမိမြန်မာနိုင်ငံတော်ရှိ နိုင်ငံ့အကြီးအကဲများနှင့်တကွ နိုင်ငံသူ နိုင်ငံသားအပေါင်းတို့သည် ခရစ္စမတ်ပွဲတော်၏ ငြိမ်းချမ်းသာယာခြင်း၊ ပျော်ရွှင်ချမ်းမြေ့ခြင်း မင်္ဂလာအဖြာဖြာနှင့် ပြည့်ဝကြလျက် ညီညွတ်၊ မျှတ၊ လွတ်လပ်ပြီး တိုးတက်သာယာအောင်မြင်သော နိုင်ငံသစ်ဆီသို့ ချီတက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

Merry Christmas to all !

ဆိုတေးရီဖားမော
လှိုင်ကော်ဂိုဏ်းအုပ်သာသနာပိုင်ဆရာတော်
လှိုင်ကော်မြို့။

ဒီဇင်ဘာလ ၂၅ ရက်၊ ၂၀၀၃ ခုနှစ်။

တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပ စေတီ ဂေါပကအဖွဲ့က ကြီးမှူးလျက် နှစ်ကိုပ်ရှစ်ဆူ ဓမ္မာရုံ ဆောက်လုပ်ရေး အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၁၄ ရက်က မဟာမုနိ ဓမ္မာရုံတွင် ကျင်းပရာ ဘီးလင်းမြို့ စိန်သောင်ပင် စားတော်ဆက်ပိုင်ရှင် (ဦးထွန်းလှိုင်)အား ရည်စူး၍ ကျန်ရစ်သူ ဒေါ်သိန်းညွန့်၊သမီး မအေးမြင့်တို့က အလှူငွေကျပ် ၁၈၅၀၀၀ကိုဂေါပက ဥက္ကဋ္ဌ ဦးမြင့်သွင်ထံ ပေးအပ်စဉ်။

(၂၀၀)

နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြသ

ရန်ကုန် ဒီဇင်ဘာ ၂၄

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်(ကျောက်တံတား)က ကြီးမှူး၍ ဒီဇင်ဘာ ၁၇ ရက် နံနက်က ဒဂုံမြို့နယ် ဘုရားကြီးရပ်ကွက်ရုံး(ဓမ္မာရုံ)တွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးသောင်းညွန့်၊ ခရိုင်ဦးစီးအရာရှိ ဦးစိန်တိုးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဦးစိန်တိုး **(အပေါ်ပုံ)**က မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ လူငယ်နှင့် အနာဂတ်တာဝန်များအကြောင်းကိုလည်းကောင်း၊ ဒုတိယ ဦးစီးမှူး ဦးတင်မောင်ဦးက နယ်လှည့်စာကြည့်တိုက်အကြောင်းကို လည်းကောင်း ဟောပြောသည်။

(ခရိုင် ပြန်/ဆက်)

ကြည်နူးခွင့်နှင့် စိတ်ကြိုက်ဝတ္ထုတိုများ



ရန်ကုန် ဒီဇင်ဘာ ၂၄

မိုးပန်းမွန် (ရာမည)၏ စိတ်ကြိုက်ဝတ္ထုတို ၁၂ ပုဒ်ကို ရွေးထုတ်၍ 'ကြည်နူးခွင့်နှင့် စိတ်ကြိုက်ဝတ္ထုတိုများ' ဟူ၍ စုစည်းထုတ်ဝေခြင်းဖြစ်သည်။ ဦးထွန်းရီ (မွန်စာပေ) ၁၈၉ အောင်သီရိလမ်း ဒေါပုံမြို့သစ် ဖုန်း-၅၅၈၈၅၀က စီစဉ်ထုတ်ဝေထားသည်။ **(ဝဲပုံ)**

(က-ပ)

တောင်အာရှနှင့် အရှေ့တောင်အာရှဖွံ့ဖြိုးရေး အားသစ်လောင်းမည့် အိန္ဒိယ-မြန်မာ-ထိုင်းအဝေးပြေးလမ်းဖောက်လုပ်ရေး သုံးနိုင်ငံစည်းဝေး အဝေးပြေးလမ်းဖောက်လုပ်ရေးကျယ်ကျယ်ပြန့်ပြန့်ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၄

အိန္ဒိယနိုင်ငံနယူးဒေလီမြို့တွင် ကျင်းပခဲ့သည့် အိန္ဒိယ-မြန်မာ-ထိုင်း အဝေးပြေးလမ်းဖောက်လုပ်ရေး စီမံကိန်းဆိုင်ရာ သုံးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

ဝန်ကြီး ဦးဝင်းအောင်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့အား နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ရန်ကုန်မြို့ အိန္ဒိယ သံရုံး သံရုံးယာယီတာဝန်ခံ မစ္စတာ ရာဂျင်ဒါခန်နာတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ဝဲပုံ)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြ၊ နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သန်းနှင့် ညွှန်ကြားရေးမှူး ဦးရဲမြင့်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးသိန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးကြီး (လမ်း) ဦးငွေထွန်းတို့လည်း ပြန်လည် လိုက်ပါလာကြသည်။

သဘောတူညီ

ဝန်ကြီး ဦးဝင်းအောင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့များနှင့် ဒီဇင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် အိန္ဒိယ-မြန်မာ-ထိုင်း အဝေးပြေးလမ်း ဖောက်လုပ်ရေးကိစ္စနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်သွားကြရန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး အစည်းအဝေး သဘောတူညီချက်မှတ်တမ်းတစ်ရပ် ထုတ်ပြန်ခဲ့သည်။

ဤအဝေးပြေးလမ်းဖောက်လုပ်ရေး စီမံကိန်းအရ အိန္ဒိယနိုင်ငံ မိုးရေးမှ မြန်မာနိုင်ငံ ပုဂံကို ဖြတ်သန်း၍ ထိုင်းနိုင်ငံ မဲဆောက်သို့ ဆက်သွယ်သည့် လမ်းမကြီးကို ၂၀၀၄ ခုနှစ်တွင် စတင်ဖောက်လုပ်သွားရန် သဘောတူညီခဲ့ကြသည်။

ရည်ရွယ်ချက်

စီမံကိန်း၏ ရည်ရွယ်ချက်သည် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံတို့အကြား ကုန်သွယ်ရေး ရင်းနှီးမြှုပ်နှံရေး၊ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် ပြည်သူများ ဆက်သွယ်ရင်းနှီးမှုကို ရှင်သန်တိုးပွားစေမည်ဖြစ်ပြီး၊ တောင်အာရှနှင့် အရှေ့တောင်အာရှဒေသတို့ကိုလည်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသစ်လောင်း ဖြည့်ဆည်းပေးသွားမည် ဖြစ်သည်။

ရင်းရင်းနှီးနှီးဆွေးနွေး

အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့သည် နောက်တစ်ကြိမ်အစည်းအဝေးကို မန္တလေးတွင် ၂၀၀၄ခုနှစ်အတွင်း ကျင်းပရန်ရှိသည်။ ထို့ပြင် သုံးနိုင်ငံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို မြန်မာနိုင်ငံ၌ ၂၀၀၄ခုနှစ် နှစ်ဦးပိုင်းတွင်ကျင်းပသွားရန်လည်း သဘောတူညီကြသည်။

သဘောတူညီ

ကီလိုမီတာပေါင်း ၁၃၆၀ ရှည်လျားသော ဤအဝေးပြေးလမ်းမကြီးကို အဆင့်သုံးဆင့်ခွဲ၍ ဖောက်လုပ်သွားမည်ဖြစ်သည်။ ထို့ပြင် သုံးနိုင်ငံဝန်ကြီးတို့က တနင်္သာရီတိုင်း ထားဝယ်ခရိုင်အတွင်း၌ ရေနက်ဆိပ်ကမ်းတစ်ခု တည်ဆောက်ရေး၊ ယင်းရေနက်ဆိပ်ကမ်းနှင့် ဆက်သွယ်မည့် ထားဝယ်-ကန်ချနာဘူရီ လမ်းဖောက်လုပ်ရေး ကိစ္စရပ်များကိုလည်း သုံးနိုင်ငံလမ်းပန်းဆက်သွယ်ရေးစီမံကိန်း၏ ပူးတွဲ အစိတ်အပိုင်းတစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆွေးနွေးသဘောတူညီခဲ့ကြသည်။

ညစာတည်ခင်း

နယူးဒေလီတွင်ရှိစဉ် ဒီဇင်ဘာ ၂၂ရက် ညတွင် ဝန်ကြီးဦးဝင်းအောင်အား အိန္ဒိယနိုင်ငံ ဆက်သွယ်ရေးနှင့် သတင်းပြန်ကြားမှု နည်းပညာဝန်ကြီးဌာန ဝန်ကြီး မစ္စတာအရွန်ရှိုရီသည် မောရိယရှာရတန်ဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံကာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ရင်းရင်းနှီးနှီးဆွေးနွေးခဲ့သည်။

(သတင်းစဉ်)

■ အင်းလေးမှ

ညောင်ရွှေမြို့နယ်၏ ၂၀၀၃-၂၀၀၄ ခုနှစ် မြေအသုံးချမှုအခြေအနေကို လေ့လာကြည့်သောအခါ တစ်မြို့နယ်လုံးတွင် မြေယာဧက ၃၅၉၃၀၀ ရှိသော်လည်း သီးသန့်သစ်တော ကြိုးဝိုင်း၊ စိုက်ပျိုးခြင်းမပြုနိုင်သောမြေ၊ လုပ်ထားသည့် လယ်ယာဥယျာဉ်မြေများ၊ မြေရိုင်းများကများပြီး အသားတင်စိုက်ပျိုးမြေ ၅၉၄၈၆ ဧကသာ ရှိသည်ဟုသိရသည်။ ၎င်းမြေထဲမှ လယ်၊ယာ၊ကိုင်း၊ ကျွန်း၊ဥယျာဉ်၊တောင်ယာဟူ၍ အမျိုးအစားခွဲခြားစိုက်ပျိုးနေကြရသည်။

သို့သော် ညောင်ရွှေတွင် ထူးခြားသည်က အင်းလေးကန်အတွင်းကျွန်းမျောများပေါ်တွင် ရေခြံများတည်ဆောက်၍ စားဖိုဆောင်စားသုံးသီးနှံများစိုက်ပျိုးသော ဓလေ့ရှိကြသည်။ နန်းသဲသည် ကျွန်းမျောများကို ပေါင်သေပုံစံစိုက်ခင်းပေါင်များ ဖော်ထုတ်ပြီး ဥယျာဉ်ခြံသီးပင်များ စားဖိုဆောင် အတွက် အရွက်စား၊အသီးစား၊အပွင့်စား၊အပင်စားများနှင့် သစ်ခွပန်းမန်များ စိုက်ပျိုးသော ရေပေါ်ခြံစိုက်ခင်းကြီးဖြစ်သည်။

နန်းသဲစံပြစိုက်ခင်းကို မြေလွတ်မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့နှင့် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ မြေလွတ်မြေရိုင်းဧက ၅၁၀၆ ဧက ညောင်ရွှေမြို့နယ်အတွင်း လေးနေရာ၌ လုပ်ကိုင်ခွင့်ပြုရာမှရရှိခဲ့သော ၉၄၄ ဧကတွင် ထူထောင်ထားခြင်းဖြစ်ကြောင်းသိရသည်။

သင့်တင့်မျှတ

နန်းသဲကွင်းသည် သင့်တင့်မျှတသော ရာသီဥတုရှိခြင်း၊ တစ်နှစ်ပတ်လုံးရေရရှိခြင်း၊ မြေဆီမြေဩဇာကောင်းမွန်ခြင်း၊ လမ်းပန်းအဆက်အသွယ် ကောင်းမွန်ခြင်းတို့အပေါ်မူတည်၍ စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိသော ၉၄၄ ဧကတွင် စံပြစိုက်ကွင်းတစ်ခုကို ဧက ၅၀၀ဖြင့် ရှေ့ပြေးထူထောင်ထားသောနေရာဖြစ်သည်။

ပထမဦးစားပေးအနေဖြင့် ၁၈-၇-၂၀၀၀ရက်မှစ၍ ဧက ၃၀၀ကို ရွှေချယ်ကာဆည်မြောင်းဦးစီးဌာနပိုင် မြေကော်စက်တစ်စီးဖြင့် စတင်ဆောင်ရွက်အကောင်အထည်ဖော်ခဲ့ပြီး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ နောက်တိုး မြေကော်စက်တစ်စီး စုစုပေါင်း နှစ်စီးဖြင့် ဆောင်ရွက်ခဲ့သည့် နောက်ပိုင်း၌ ငွေအား၊ လူအား၊ စက်အားဖြင့် အင်တိုက် အားတိုက်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သောကြောင့် ရူဘီဒရယ် ဝွန်ထရေးဒင်းအား တာဝန်ပေး ဆောင်ရွက်စေခဲ့ကြောင်းသိရသည်။

ယခုအခါ အလျားပေ ၅၀၀၊ အနံပေ ၅၀ရှိသော ရေပတ်လည်ဝိုင်းနေသည့် ကျွန်းသေပုံစံစိုက်ခင်းပေါင်စနစ်ကို တစ်တန်းလျှင် ၉၉ ပေါင်ဖြင့် စုစုပေါင်း ၂၆၄ ပေါင် ဖော်ထုတ်ပြီး ၂၀၀၂-၂၀၀၃ခုနှစ်တွင် စက်မှုကုန်ကြမ်းသီးနှံနှစ်ဧက၊နှစ်ရှည်လိမ္မော်နှစ်ဧက၊ ရာသီသီးနှံ ၁၀၁ဧက၊ သစ်ခွနှင့် ပန်းမန် နှစ်ဧက စုစုပေါင်း ၁၀၇ ဧက စိုက်ပျိုးထားရှိပြီး ၂၀၀၃-၂၀၀၄ခုနှစ်အတွက် ဆိုးဆေးဧက ၂၀၊ အစေ့ထုတ်ပြောင်း ၁၀ဧက၊ ခရမ်းချဉ် ဧက ၄၀၊အာလူးဧက ၂၀၊ ဖရဲနှင့်အခြား သီးနှံနှစ်ဧက၊ ပဲတီစိမ်း၁၀ဧက၊ ကြက်သွန်နီ ဧက၂၀၊ သစ်ခွပန်းမန် နှစ်ဧက စုစုပေါင်းဧက၁၂၀တိုးချဲ့ စိုက်ပျိုးသွားရန်စီစဉ်ထားသည်ဟုသိရသည်။

ထူးခြားသောလက္ခဏာ

နန်းသဲကွင်း၏ ထူးခြားသော လက္ခဏာရပ်များမှာ ခဲကြေးကျွန်းမျှောပေါင်ရှင်စနစ်များနှင့်ပါ စိုက်ပျိုးထုတ်လုပ်သွားရန်စီစဉ်နေကြသည်။ ကျွန်းပေါင်ရှင်စနစ်မှာ ပေါင်သေစနစ်ထက် ကုန်ကျစရိတ်သက်သာသည်ဟုဆိုကြသည်။

ထို့အပြင် ကျွန်းမျှောရှင်သည် ရေအတက်အကျတွင် အလိုက်သင့် တက်ခြင်း၊ကျခြင်းဖြစ်၍ စိုက်ပျိုးထားသော သီးနှံများပျက်စီးမှုနည်းပါး သည့်အပြင် မြေထဲတွင် ဥအုသော သီးနှံပင်မှလွဲ၍ အပင်၊ အသီး၊ အညွန့်၊ အပွင့်စသည့် အစိတ်အပိုင်းအားလုံး ထုတ်လုပ်နိုင်သည့် အားသာချက်များရှိ၍ ကျွန်းမျှောရှင်များပေါ်တွင် ခရမ်းချဉ်သီးနှင့်ဘိုစားပဲများစိုက်ပျိုး ထုတ်လုပ်သွားမည်ဆို၏။ နန်းသဲ ရေပေါ်စံပြစိုက်ခင်းတွင် စိုက်ပျိုးမည့် ခရမ်းချဉ်သည် ပြည်ပတင်ပို့နိုင်သော အမျိုးအစားဖြစ်၍ ထုတ်ကုန်များလာပါက စည်သွပ်စက်ရုံကို ထူထောင် သွားရန် အစီအစဉ်ရှိသည်ဟု သိရသည်။

နန်းသဲစံပြစိုက်ခင်းထူထောင်ခြင်းကြောင့် အင်းလေးကန်စိမ်းလန်းစိုပြည်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး

နန်းသဲစံပြစိုက်ကွင်းတွင် နှစ်ရှည်ပင်များနှင့်အတူ သစ်ခွပန်းမန်များကိုလည်း စိုက်ပျိုးထားရှိသည်။
(ဓာတ်ပုံ-ရွှေအင်းသားခင်မောင်ဝင်း)

သစ်ဆွေးမြေ၊ နုန်းစနက်မြေစေးတို့ ပါဝင်ပြီး စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာမှလွဲ၍ ကျန်ကိုးလစလုံး စိုက်ပျိုးနိုင်ကြောင်း သိရသည်။ နန်းသဲစိုက်ကွင်းတွင် ကျွန်းပေါင်သေစနစ်များအပြင် ရေနက်နေရာများ၌ စိုက်ခင်းမူလရှိပြီးသား ကျွန်းမျှောပေါင်အရိုင်းများဖော်ထုတ်၍ ကျွန်းကို မထိခိုက်သည့် အပြင်နန်းကပ်ချောင်းမှ စီးဝင်လာသော နုန်းများကို လက်ရှိ ကျွန်းမျှော ၁၆၆ ပေါင်က ကာကွယ်မှုပေးထားနိုင်သည်ဆို၏။

ထို့အပြင် နန်းသဲစိုက်ခင်းမှ လေလွင့်ကျွန်းမျှောရိုင်းဧရိယာမှ ဧက ၂၅ ဧကကို ဖော်ထုတ်ပြီး ကုဗပေတန် ၁၄၃၃၃၃ တန်အား ကြိတ်စက်များဖြင့် ကြိတ်ဝါးကာ ဆီဆိုင်မြို့နယ် ဆိုက်ခေါင်စိုက်ကွင်းနှင့် ညောင်ရွှေမြို့နယ်တောင်မြေစိုက်ကွင်းရှိ နှစ်ရှည်ပင်များ စိုက်ပျိုးရာတွင် သဘာဝမြေဩဇာအဖြစ် သုံးနိုင်သဖြင့် အပင်များအတွက် မြေဩဇာကောင်းများ ရရှိခဲ့သလို ကျွန်းမျှောများတိုးချဲ့လာမှုကို ဟန့်တားနိုင်ခဲ့ပြီး အင်းလေးကန်ရေပြင်ကို ကျယ်ဝန်းစေခဲ့ရာရောက်သည်ဟုသိရသည်။

ထို့ကြောင့် အင်းလေးကန်အတွင်းမှ နန်းသဲစိုက်ခင်းဖော်ထုတ်လိုက်သဖြင့် စိုက်ပျိုးမြေဧရိယာတိုးတက်လာပြီး ထိုမြေဧရိယာမှ စိုက်ပျိုးသီးနှံများသည် ဒေသတွင်းဖူလုံသည်သာမကဘဲ ပိုလျှံလျက်ရှိသည်ဆို၏။ ၎င်းအပြင်ကျွန်းသေပေါင်ဖြင့် စိုက်ပျိုးခြင်းစနစ်ကို ဒေသခံတောင်သူလယ်သမားများအား မျက်မြင်ကိုယ်တွေ့ သိရှိနားလည်ခြင်းစသော အကျိုးကျေးဇူးများ ရရှိလျက်ရှိနေကြောင်းရေးသားတင်ပြလိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

သံတွဲခရိုင်အသင်းသက်ကြီးပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၄

သံတွဲခရိုင်အသင်း(ဂွ-တောင်ကုတ်-သံတွဲ)၏ နှစ်ပတ်လည်မိတ်ဆုံစားပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းလွဲ ၁ နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီးရှိကန်တော်မင်္ဂလာပန်းခြံ၌ ကျင်းပမည်ဖြစ်သည်။

သက်ကြီးပူဇော်ပွဲအတွက် အသက် (၇၆)နှစ်ပြည့်ပြီးသူ အသင်းသူ အသင်းသားများ၏ မိသားစုဝင်များကိုယ်တိုင်တက်ရောက်ကန်တော့ခံကြရန်နှင့် ပညာရည်ချွန်ဆုပေးပွဲအတွက် ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသည့် အသင်းဝင်များ၏ သားသမီးများသည် အမည်နှင့် အမှတ်စာရင်း မိတ္တူ အထောက်အထားတို့ကို အသင်းရုံးတည်ရာ အမှတ် ၁၀၄ (ပထမထပ်)(ဝဲ)၊ ၃၉ လမ်း ကျောက်တံတားမြို့နယ်သို့လည်းကောင်း၊ နီးစပ်ရာ အသင်းအမှုဆောင်များထံသို့လည်းကောင်း စာရင်းပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

အင်္ဂလိပ်စကားပြော၊ သဒ္ဒါသင်တန်းဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၂၄

အင်္ဂလိပ်ဘာသာစကားပြောနှင့် သဒ္ဒါသင်တန်းများကို ဆရာဦးအောင်ဟိန်းဦးစီး၍ လစဉ်လဆန်းတိုင်း တန်းခွဲသစ်များဖွင့်လှစ်သင်ကြား ပို့ချလျက်ရှိသည်။ Spoken English, General English, Translation, Tourism English, TOEFL, IELTS, Business Englishတို့ပြင် အခြားနိုင်ငံခြားဘာသာစကားပြောများကို ကျွမ်းကျင်သောအတွေ့အကြုံရင့် ဆရာ ဆရာမများဖြင့် လစဉ်သင်ကြားပို့ချပေးလျက်ရှိရာ စိတ်ဝင်စားသူများသည် အမှတ်၂၁၄ (ဒုထပ်) ဆိပ်ကမ်းသာလမ်း ကျောက်တံတား၊ GP Center-1 အမှတ် ၅ ဗေယျာသီရိလမ်း (အာရှနေဘဏ်ဘေးလမ်း) လှည်းတန်း ကမာရွတ် ရန်ကုန် ဖုန်း-၅၃၇၂၃၁နှင့် GP Center-2 အမှတ် ၁၁၇ (တထပ်) ဆိပ်ကမ်းသာလမ်း ကျောက်တံတား ရန်ကုန် ဖုန်း-၂၅၆၇၉၆တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

ဘိန်းဖြူနှင့်လက်နက်ခဲယမ်းများမူဆယ်၌ဖမ်းမိ

ရန်ကုန် ဒီဇင်ဘာ ၂၄

နယ်မြေခံထောက်လှမ်းရေး တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်(အထူး)တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၈ရက်တွင်မူဆယ်မြို့နယ် ကောင်းမူးလွယ်ရပ်ကွက် အကွက်အမှတ် ၈၉၃ရှိ လူနေအငှားအိမ်ခန်းအမှတ် ၆-၇ကို သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာတာမိုးညဲမြို့ မန်ရင်းပါး ကျေးရွာနေ ဦးတွမ်ခိုက်ဖန်၏သား တွမ်ရင်ကျုံးနှင့်မူဆယ်မြို့ ကောင်းမူးလွယ်ရပ်ကွက်နေ ဦးဝင်းကျင်၏သားစိုင်းဆမ်မွန်တို့အား အိပ်ခန်းအတွင်းရှိ ကျောပိုးအိတ်အတွင်း မှဘိန်းဖြူဆပ်ပြာခွက် ၁၀၉ခွက် စုစုပေါင်းအလေးချိန် ၂ဒသမ ၂၆၅ကီလို၊ ပစ္စတို တစ်လက်၊ ခဲယမ်းနှင့်ဆက်စပ် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိတရားခံနှစ်ဦးနှင့်မူးယစ်ဆေးဝါးများ၊ လက်နက်ခဲယမ်းများအား သက်ဆိုင်ရာမြန်မာ နိုင်ငံရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါး နှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရအမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒီဇင်ဘာ ၂၀ ရက်က ဆီဒိုးနားဟိုတယ်၌ကျင်းပသည့် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၏ အသင်းသားစုံညီ သင်းလုံးကျွတ် အစည်းအဝေးတွင် သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးထံ အသင်းအတွက် အလှူငွေ ကျပ်ငါးသိန်းကို ချိုချိုကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးဝေဖြိုးက ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဇာလီပရိယတ္တိစာသင်တိုက် အသံမစဲမဟာပဋ္ဌာန်းပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၂၄

သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံ အနောက်ရပ်ကွက် သုမင်္ဂလာလမ်း ဇာလီပရိယတ္တိစာသင်တိုက် ရေဆန် ကျွန်းနက် ဗုဒ္ဓရုပ်ပွားတော်ကြီး ကိန်းဝပ်စံရာ သာသနာ့ဗိမာန်ကြီးတွင် ပဓာနနာယကဆရာတော်ဦးသာသန ဦးစီး၍ ဆရာတော် သံဃာတော်များသည် ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂ရက်မှ ၆ရက် (ပြာသိုလပြည့်နေ့)အထိ ငါးရက်တိုင်တိုင် အသံမစဲမဟာပဋ္ဌာန်း ကျမ်းမြတ်ပူဇော်မည်ဖြစ်သည်။ ပူဇော်ပွဲအတွက် ဆွမ်း၊ ကွမ်း၊ ဝေယျာဝစ္စ အတွက်လှူဒါန်းလိုသူများသည် ဖုန်း-၅၆၅၂၈၉သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)



သင်ကြားစီမံဆရာတော်များနှင့်စာသင်သံဃာတော်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟိုရုံးများမှဝန်ထမ်းမိသားစုများဆွမ်းဆက်ကပ်

ရန်ကုန် ဒီဇင်ဘာ ၂၄

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် သီတင်းသုံးလျက်ရှိတော်မူကြသော သင်ကြား စီမံ ဆရာတော်များနှင့် စာသင်သံဃာတော်အပါး ၄၅၀ တို့အား နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟိုရုံးများမှ ဝန်ထမ်းမိသားစုများက တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်း၊ အစိုးရအဖွဲ့ရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟိုရုံးများမှ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းက ဒုတိယနာယကချုပ် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ဥတ္တမအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းက နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟိုရုံးများမှ ဝန်ထမ်းမိသားစုများ၏ တစ်နေ့တာ ဆွမ်းအလှူတော် ငွေကျပ် ၁၈၀၀၀၀ (**အပေါ်ပုံ**)ကို ဒုတိယနာယကချုပ် ဆရာတော်ထံ ဆက်ကပ်လှူဒါန်းရာ သာသနာတော် ထွန်းကား ပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခိုင်အောင်က ဒုတိယနာယကချုပ် ဆရာတော်၏ကပ္ပိယကာရကအဖြစ် လက်ခံသည်။

နေ့ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနှင့် ဝန်ထမ်းမိသားစုများက ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ **(သတင်းစဉ်)**

တိုင်းရင်းဆေးညီလာခံဂုဏ်ပြု အထူးဈေးနှုန်းဖြင့်ရောင်းချပေး

ရန်ကုန် ဒီဇင်ဘာ ၂၄

စတုတ္ထအကြိမ်မြောက် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲတွင် ပဲခူးမြို့ စိန်ဘယက်ဆေးတိုက်မှ ဘိုးစဉ်ဘောင်ဆက်သမားစဉ်ဆက်အစွမ်းထက် တိုင်းရင်းဆေးများကို ခင်းကျင်းပြသရောင်းချလျက်ရှိသည်။

သမားတော်ကြီး ဆရာမြိုင် ကုသခဲ့သော အစွမ်းထက်မြန်မာ့တိုင်းရင်းဆေးဝါးများဖြစ်သော လေကွဲဆေး၊ ငန်းနီကျော်၊ ကွမ်းရွက်ပုံ၊ တစ်သုံးလုံး အဖြေကျော်၊ ဆောင်းနွေမိုးချွဲသလိပ်ကြေမက်လင်ချဉ်၊ ရွှေပျားတောင် နှလုံးသည်းခြေဆေးများကို ဆရာဦးကြည်လင်းကိုယ်တိုင် တိုင်းရင်းဆေးဝါး ဥပဒေနှင့်အညီ ခေတ်မီ ဆေးဝါးထုတ်လုပ်နည်းဖြင့် ဆေးမှုန့်၊ ဆေးဘူး၊ ဆေးပြားများကို ပြပွဲလာ ပြည်သူများအား အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **(က-ပ)**

ဒီဇင်ဘာ ၂၄ ရက်က စတုတ္ထအကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖွင့်လှစ်ပြသလျက်ရှိရာ လာရောက် ကြည့်ရှုလေ့လာဝယ်ယူသူများအားစည်ကားစွာတွေ့ရစဉ်။ (က-ပ)

❍ မြန်မာ့တောတောင်မှ

ထို့ကြောင့် အရည်အသွေးမြင့်မားသော မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ယနေ့တိုင် တင့်တင့်တယ်တယ် သိက္ခာရှိရှိ ဂုဏ်ဒြပ်မြင့်မြင့်မားမား ရပ်တည်နေနိုင်ခြင်းဖြစ်သည်။

ခေတ်အဆက်ဆက်

မြန်မာ့တိုင်းရင်းဆေးပညာ၏ စွမ်းပကားကြောင့် မြန်မာလူမျိုးတို့သည် ခေတ်အဆက်ဆက် ကျန်းမာကြံ့ခိုင်သော၊ လက်ရုံးရည် နှလုံးရည် ထက်မြက်သော လူမျိုးတစ်မျိုးအဖြစ် ထင်ပေါ်ကျော်ကြားခဲ့ပြီး အိမ်နီးချင်းနိုင်ငံများ၏ လေးစားခြင်းခံခဲ့ရခြင်း ဖြစ်သည်။

ယခုအခါတွင် မြန်မာ့တိုင်းရင်းဆေးဝါးနှင့် ကုထုံးများကို စနစ်တကျ သုတေသနပြုပြီး နိုင်ငံတကာက လက်ခံသည့် ဆေးဝါးနှင့်ကုထုံးများ ဖြစ်ရန် စံချိန်စံညွှန်းများကို ဖော်ထုတ် မှတ်တမ်းတင်လျက်ရှိသည်။ တိုင်းရင်းဆေးဝါးထုတ်လုပ်မှု သုတေသနပြုမှုများတွင် ခေတ်မီနည်းစနစ်များ၊ ခေတ်မီပစ္စည်းကိရိယာများကို အသုံးပြုလုပ်ကိုင်ဆောင်ရွက်နေသကဲ့သို့ရောဂါ အသစ်အဆန်းများကို ကုသနိုင်သည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၊ ဆေးစွမ်းကောင်းများကို သုတေသနပြု ဖော်ထုတ်လျက်လည်းရှိသည်။

မြန်မာ့တိုင်းရင်းဆေးပညာရပ်များ နိုင်ငံတကာအဆင့်မီ ဖြစ်ထွန်းလာစေရန်၊ နိုင်ငံတကာ ဆေးပညာနယ်ပယ်တွင် ဝင့်ဝင့်ကြွားကြွား ရပ်တည်ဝင်ဆံ့လာစေရန် နိုင်ငံတော်အစိုးရက အားပေးစီမံဆောင်ရွက်ပေးလျက်ရှိရာတွင် မြန်မာ့တိုင်းရင်းဆေးပညာကဏ္ဍတွင် အရည်အသွေးမြင့်မားသည့် တိုင်းရင်းဆေးပညာရှင်များ၊ သမားတော်များ ပြုစုပျိုးထောင် မွေးထုတ်ရေး အစီအမံသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ယခင်က ရန်ကုန်မြို့နှင့် မန္တလေးမြို့ တိုင်းရင်းဆေးဆရာတစ်နှစ်သင်တန်းမှ တိုင်းရင်းဆေးဆရာများ၊ မန္တလေး တိုင်းရင်းဆေးသိပ္ပံက ဒီပလိုမာအဆင့် တိုင်းရင်းဆေးပညာရှင်များကိုမွေးထုတ်ပေးလျက်ရှိရာမှ တိုင်းရင်းဆေးပညာ အဆင့်မြင့် ဘွဲ့ဒီဂရီအပ်နှင်းပေးမည့် တိုင်းရင်းဆေးတက္ကသိုလ်ကြီးကိုမန္တလေးမြို့တွင် ဖွင့်လှစ်ထားပြီးဖြစ်သည်။

ယခုအခါ မြန်မာ့တိုင်းရင်းဆေးကို လူသိများ အသုံးပြုလာခဲ့ပြီ။

အစွမ်းထက်မြက်သည့် တိုင်းရင်းဆေးကိုပြည်သူတို့ပိုမိုယုံကြည်လာကြပြီ။ နိုင်ငံတကာကလည်း အသိအမှတ်ပြုလာကြပြီဖြစ်သည်။ တိုင်းရင်းဆေး၏ အာနိသင်ကို ဖော်ထုတ်နေသည့် မြန်မာသမားတော်များ၊ တိုင်းရင်းဆေး လုပ်ငန်းရှင်များကလည်း စတုတ္ထ အကြိမ် မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲတွင် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်နေကြပြီ ဖြစ်ရာ အစဉ်အစွမ်းထက်မြက်နေမည့် မြန်မာ့တိုင်းရင်းဆေးများပင်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၂၅-၁၂-၂၀၀၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၀ ၆။ အဆိုပြိုင်ပွဲ
- ၈:၁၅ ၇။ အကပဒေသာ
- ၈:၂၅ ၈။ နတ်သားတောရေလှောင်တမံ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
- ၁၇:၁၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၁၇:၃၀ ၇။ မြန်မာစာ၊ မြန်မာစကား
- ၁၇:၄၅ ၈။ တေးဂီတအစီအစဉ်
- ၁၈:၀၀ ၉။ "အမွန်မြတ်ဆုံးလက်ဆောင်" [နေရဲလင်း၊နှင်းဥ၊မေနံ့သာခင်၊ စောနိုင်(ရှမ်းပြည်)၊တင်တင်လှ] (ဒါရိုက်တာ-မောင်မောင်မြင့်)
- ၁၈:၁၅ ၁၀။ သက်တံ့ရောင်သံစဉ်
- ၁၈:၃၀ ၁၁။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၃။ Milo Success in Soccer
- ၁၉:၁၀ ၁၄။ စတုတ္ထအကြိမ်တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ (အပိုင်း-၃)
- ၁၉:၂၀ ၁၅။ တေးဂီတအစီအစဉ်
- ၁၉:၃၅ ၁၆။ ရှမ်းပြည်နယ်အရှေ့ပိုင်း နမ့်မွေ့တံတား
- ၁၉:၄၅ ၁၇။ အချုပ်အခြာအာဏာခွန့်ရှည်ကြာခိုင်မာစေမှုဒို့ရေးရှ "ကျေးလက်ရေနှင့် ကျေးလက်စီးပွားရေး" (အပိုင်း-၃)
- ၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေး လုပ်ငန်းစဉ် အောင်မြင်မှု အထိမ်းအမှတ် ဂုဏ်ပြုပွဲအစီအစဉ်(ပထမပိုင်း)

Software Engineering သင်တန်းများဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၂၄

ACE Data Systems သည် Software Engineering Course Level I, II, III သင်တန်းများကို လစဉ်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ သင်တန်းအဆင့် တစ်ဆင့်စီသည် အချိန်ကာလ သုံးလစီ ကြာမြင့်သည်။ Level I သင်တန်းကို ဇန်နဝါရီ ၃ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ Level I တွင် အရည်အချင်း ပြည့်မီပါက Level II သင်တန်းသို့ ဆက်လက် တက်ရောက်ခွင့်ရှိပြီး C-programming ကို ဒီဇင်ဘာ ၂၂ရက်မှစ၍ နံနက် ၇ နာရီ မှ ၉ နာရီ (တနင်္လာမှသောကြာ)အထိ လည်းကောင်း၊ Java Programming ကို ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် လည်းကောင်း၊ BCP (Basic Computer Principle) ကို ဇန်နဝါရီ ၅ ရက်နေ့တွင်လည်းကောင်း၊ Advance Java Programming ကို ဇန်နဝါရီ ၅ ရက်နေ့တွင် လည်းကောင်း တက်ရောက်နိုင်သည်။ Windows Basic သင်တန်းကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၇နာရီမှ ၉ နာရီ (တနင်္လာမှသောကြာ)နေ့အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ Level III အောင်မြင်ပါက လက်တွေ့ အလုပ်သင် ခြောက်လ ဆင်းရမည်ဖြစ်ရာ စိတ်ပါဝင်စားသူများသည် ACE Data Systems(Training Division) အမှတ်(၁/၁၉) ပထမထပ် စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း သခင်မြပန်းခြံလမ်း အလုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၆၈၉၁ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဒါးပိန်မြို့အထက အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၄

ဒါးပိန်မြို့အထက ကျောင်းသားကျောင်းသူဟောင်းများမှ ၁၉၅၈-၂၀၀၀အတွင်း ပညာသင်ကြားပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၈ရက် မွန်းတည့် ၁၂နာရီတွင် ဒါးပိန်မြို့ အထကကျောင်း၌ ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးရောက်ကျောင်းသားကျောင်းသူဟောင်းများတက်ရောက်ကြရန်နှင့်အလှူငွေများကို ရန်ကုန်မြို့နေ ဦးစိုးကြည် ဖုန်း-၅၇၁၁၀၃နှင့်ဦးလှဌေး ဖုန်း-၅၇၀၅၁၃ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ကျင်းပလျက်ရှိသည့် စတုတ္ထအကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲတွင် ပြခန်းများ၊ အရောင်းဆိုင်များဖြင့် စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသထားစဉ်။ (မြန်မာ့အလင်း)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက် တိုးတက်ဖြစ်ထွန်းလာသည့် ရန်ကုန်တိုင်းအတွင်းမှ မြို့သစ်များ

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသည် တိုးတက်လာသည့် ရန်ကုန်မြို့၏ လူဦးရေအတွက်လည်းကောင်း၊ အိမ်ပိုင်ရာပိုင်မရှိသေးသည့် ဝန်ထမ်းများ အတွက်လည်းကောင်း၊ မြို့တွင်းရှိ ကျူးကျော်နေထိုင်သူများကို နေရာချထားပေးရန်အတွက်လည်းကောင်း မြို့သစ်များကို စနစ်တကျဖော်ထုတ်တည်ဆောက်ခဲ့သည်။

၁၉ရရ ခုနှစ်မှ ၂၀၀၃ ခုနှစ်ထိ တိုးချဲ့တည်ဆောက်ခဲ့သည့် မြို့သစ်များနှင့် ဖော်ထုတ်ခဲ့သည့် အိမ်ရာမြေကွက်များ

စဉ်	မြို့သစ်များ	အိမ်ရာမြေကွက်
၁။	ရွှေပြည်သာမြို့သစ်	၃၃၀၁၈ ကွက်
၂။	လှိုင်သာယာမြို့သစ်	၂၅၁၁၇ ကွက်
၃။	ရွှေပေါက်ကံမြို့သစ်	၉၄၄၄ ကွက်
၄။	မင်္ဂလာဒုံမြို့ တိုးချဲ့မြို့သစ်	၄၈၂၀ ကွက်
၅။	ဒဂုံ(မြောက်)မြို့သစ်	၂၉၈၃၉ ကွက်
၆။	ဒဂုံ(အရှေ့)မြို့သစ်	၄၂၁၆၀ ကွက်
၇။	ဒဂုံ(တောင်)မြို့သစ်	၄၇၇၉၀ ကွက်
၈။	ဒဂုံ(ဆိပ်ကမ်း)မြို့သစ်	၄၁၂၃၄ ကွက်
၉။	ဒလမြို့ တိုးချဲ့မြို့သစ်	၁၁၅၈၅ ကွက်
၁၀။	ဒေါပုံမြို့ တိုးချဲ့မြို့သစ်	၂၆၄၂ ကွက်
	အိမ်ရာမြေကွက်ပေါင်း	၂၄၇၆၄၉ ကွက်

အိမ်ရာမြေကွက်ပေါင်း ၂၅၁၁၇ ကွက်ရှိသည့် လှိုင်သာယာမြို့သစ်ကို ဝေဟင်မှ မြင်တွေ့ရစဉ်။

အိမ်ရာမြေကွက်ပေါင်း ၁၁၅၈၅ ကွက်ရှိသည့် ဒလမြို့တိုးချဲ့မြို့သစ်ကို ဝေဟင်မှ တွေ့မြင်ရစဉ်။

အိမ်ရာမြေကွက်ပေါင်း ၂၉၈၃၉ ကွက်ရှိသည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် ဘောလီတံတားကို ဝေဟင်မှ မြင်တွေ့ရစဉ်။

အိမ်ရာမြေကွက်ပေါင်း ၃၃၀၁၈ ကွက်ရှိသည့် ရွှေပြည်သာမြို့သစ်သည် အဆောက်အအုံများ၊ လမ်းများ၊ ရုံးများ၊ စက်ရုံများဖြင့် တိုးတက်ဖြစ်ထွန်းနေသည်။

မေတ္တာအေးဆရာတော် ဓမ္မဒါနခရီးစဉ်

ရန်ကုန် ဒီဇင်ဘာ ၂၄

ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် စံပြရပ်ကွက် မေတ္တာအေးသာသနာ့ရိပ်သာ ပဓာနနာယကဓမ္မာစရိယ မဟာစည်နယ်လှည့်ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တသုဇာတမထေရ်မြတ်သည် ၂၀၀၄ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် သဃ်္ဃန်းကျွန်းမြို့နယ် (၁၆/၃) ရပ်ကွက်၊ ကံ့ကော်ရိပ်သာလမ်း၊ ၂ရက်တွင် ကန်တော်လေး၊ ဖိုးမြေဓမ္မာရုံ၊ ၃ ရက်တွင် တောင်ဥက္ကလာပ (၁၃) ရပ်ကွက် ဝရဇာ (၅)လမ်း၊၄ရက်တွင်သဃ်္ဃန်းကျွန်းမြို့နယ် (၁၆/၄) ရပ်ကွက် ဗုဒ္ဓဝေယျာဝစ္စဓမ္မာရုံ၊ ၅ရက်တွင် ခရမ်းမြို့နယ် လက်ပန်တန်းကျေးရွာ၊ ၆ ရက်တွင် သာကေတ မာန်ပြေ(၃)ရပ်ကွက် မာရဝိဇယဓမ္မာရုံနှင့် ၇ ရက်မှ ၁၆ ရက်ထိ သုံးခွမြို့နယ် ရေပေါ်ကန်မဟာစည်ရိပ်သာ ၁၀ ရက် စခန်းပွဲတို့၌ ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားများဟောကြားတော်မူမည် ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)၊ ကမ္ဘောဇလမ်းသွယ်(၁)၊အမှတ်(၈၀-P)နေ
ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်-ဒေါ်ဝေဝေတို့၏
တစ်ဦးတည်းသောသား

မောင်ဥက္ကာထွန်း

B.Sc (Physics), M.B.A

နှင့်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကျွဲဆည်ကန်(၆)လမ်း၊ အမှတ်(စ/၃၇)နေ
ဦးတင်ထွေး-ဒေါ်တင်မာဦး(ထင်ကျော် 555 ပေါင်းစက်နို့ဆီ) တို့၏ ဒုတိယသမီး

မမျိုးကလျာထွေး

B.E(Civil)

တို့၏

၂၃-၁၂-၂၀၀၃ ရက်နေ့ Yuzana Garden Hotel ၌ကျင်းပပြုလုပ်သည့် မင်္ဂလာညှော်ခံပွဲ အခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီးဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီးဒေါ်ခင်လေးသက်၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီးဒေါ်သန်းသန်းနွဲ့၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့်ဇနီး ဒေါ်ကြည်ကြည်အုံး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်မြတ်ဟိန်းနှင့် ဇနီးဒေါ်ထွေးထွေးညွန့်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေနှင့် ဇနီး ဒေါ်စန်းစန်းမြင့်၊ ကြွရောက်ချီးမြှင့်ပေးကြသော အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ စစ်ဘက်နယ်ဘက်မှအရာရှိ ကြီးများနှင့် ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများ၊ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲပေးသော မဖြူသန့်ထွန်း၊ မင်္ဂလာအောင် စံပယ်ပန်းကုံး ကိုင်ဆောင်ပေးသော မသင်းသင်းအောင်၊ သတို့သား၊ သတို့သမီးအရန်အဖြစ်ဆောင်ရွက်ပေးသောမောင်သန့်ဇင်နှင့် မသီတာမေဝင်းထိန်၊ စန္ဒရားသိန်းမြင့်သန်း မင်္ဂလာတူရိယာအဖွဲ့နှင့် မင်္ဂလာအခါတော်ပေး ဒေါ်ရီရီသန့်၊ မိတ်ကပ်နှင့် ဆံပင်အလှပြုပြင်ပေးသော မိတ်ကပ်အောင်အောင်၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးသော အေးဇော်မိုး(စက်မှု)နှင့် ကိုကျော်ဇင် (MPA)၊ မင်္ဂလာပွဲ ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်သောဆွေမျိုးမိတ်ဆွေ သူငယ်ချင်းများအားလိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဥက္ကာထွန်း-မမျိုးကလျာထွေး။

မြန်မာ့ရုပ်ရှင်လုပ်ငန်း

VeVe

DAGON CENTRE SHOPPING MALL

ခရစ္စမတ်နှင့်နှစ်သစ်ကူးအကြီးစျေးရောင်းပွဲတော်

ဒီဇင်ဘာ ၂၃၊ ၂၄၊ ၂၅၊ ၂၈၊ ၂၉ နှင့် ၃၀ရက်များတွင်

ညစဉ် (၁၁) နာရီ အထိ

ဖွင့်လှစ်ရောင်းချပါမည်။

မကွေးကရုဏာရှင်များနာရေးကူညီမှုအသင်းသို့ငွေလှူ

ရန်ကုန် ဒီဇင်ဘာ ၂၄

မကွေးမြို့ ကရုဏာရှင်များ နာရေးကူညီမှုအသင်းသို့ အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၂၂ ရက်ကအသင်းရုံး၌ကျင်းပရာ နှစ်ဖက်သောမိဘများကို အမှူးထား၍ မကွေးမြို့မှ ဗိုလ်မှူးကြီးအောင်သန်းထွဋ်၊ ဇနီး ဒေါ်ချယ်ရီ၊ သမီးမစုမြတ်အောင်မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀၊ ရန်ကုန်မြို့မှ သီရိသုဓမ္မမဏိဇောတဓရ ဦးပွင့်ကောင်းအားရည်စူး၍ အဂ္ဂမဟာသီရိသုဓမ္မသင်္ဂဒေါ်ခင်နွဲ့ရီနှင့် သားသမီးမြေးမြစ်(ရွှေပုစွန် မိသားစု)က ငွေကျပ်၅၀၀၀၀၀၊ ဦးကြူမိသားစု ဂျုံစက်က ငွေကျပ် ၁၀၀၀၀၀၊ ဦးသိန်းမောင်-ဒေါ်ပါးပါးတို့အား ဦးထိပ်ထားလျက် စန္ဒီ ပရဆေးမိသားစုက ငွေကျပ် ၁၀၀၀၈၀၊ မကွေးကုန်းလမ်းပို့ဆောင်ရေး ဝန်ထမ်းများက ငွေကျပ် ၅၂၆၀၀ နှင့် မကွေးမြို့မှ မမိုးဝါက ငွေကျပ် ၁၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ နာရေးကူညီမှုအသင်း ဥက္ကဋ္ဌ ဦးမော်လင်းက လက်ခံရယူကြောင်းသိရသည်။ **(က-ပ)**

ရွှေခြင်္သေ့

ဝန်ထမ်းထပ်မံခေါ်ယူလိုသည်

SMART GIRLS Beauty Parlour & Skin Care

725420, 513049

Grand Opening
of
Ginza Pan (Coffee, Bread, Cake & Drink)
Good Taste, Good Atmosphera in Ginza Pan
&
Kanebo International Shop တို့ရဲ့
ဖွင့်ပွဲအခနေနဲ့ အထူး Discount များကို တစ်လတိတိ ပေးသွားမှာဖြစ်ပါတယ်။ Ginza Pan ရဲ့ Japan Style အစားအသောက်များကိုလည်း လာရောက်မြည်းစမ်းပြီး Kanebo ရဲ့ International Cosmetic များကို ဝယ်ယူရန်း လာရောက်ဖို့ ဖိတ်ခေါ်ပါတယ်။
Place အမှတ်-29၊ ကျိုက္ကဆံလမ်း ...

Tet Nadi Co. Ltd.

၂၀၀၄ ခုနှစ်-နှစ်သစ်မင်္ဂလာဆုမွန်လွှာ

unicolor®

ယူနီကာလာ

တည်ဆောက်ပြုပြင် မြို့တော်တစ်ခွင်

အောင်စိုးဝင်း

ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာမြို့တော်ကြီးများကဲ့သို့ မြို့တော်အင်္ဂါရပ်များနှင့် ညီညွတ်မှုရှိစေရေးအတွက် မြို့တော်သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ လမ်းများ တိုးချဲ့မွမ်းမံခြင်း၊ အပန်းဖြေပန်းဥယျာဉ်များ အဆင့်မြင့်တင်မွမ်းမံတည်ဆောက်ခြင်း၊ လူနေအိမ်ရာစီမံကိန်းများ၊ လူနေအထပ်မြင့် အဆောက်အအုံများ တည်ဆောက်ခြင်း၊ သာသနိက အဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးနှင့် ပတ်သက်သော အဆောက်အအုံများလည်း ခံ့ညားသပ်ရပ်လှပစွာ တည်ဆောက်လျက်ရှိပေသည်။

ရန်ကုန်မြို့တော်၏ ယခင်ပုံသဏ္ဌာန်အနေအထားမှာ တောင်နှင့်မြောက် ရှည်လျားပြီး အရှေ့နှင့်အနောက် ကျဉ်းသည်။ ယခုအခါ မြို့တော်၏ နယ်နိမိတ်ကို အရှေ့ဘက်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဆိပ်ကမ်းမြို့သစ်များကို စနစ်တကျ အကွက်ရိုက် တိုးချဲ့ခဲ့သည်။ အနောက်ဘက်တွင် လှိုင်သာယာမြို့သစ်နှင့် အနောက်မြောက်ဘက်တွင် ရွှေပြည်သာ မြို့သစ်ကို တိုးချဲ့တည်ဆောက်လိုက်သည့်အတွက် ယခင် ရှည်မျှော်မျှော အနေအထားမှ လေးထောင့်ကျကျ စတုရန်းပုံနီးပါး မြို့ကွက်ဖြစ်ပေါ်လာသည်။

မြို့တော်၏ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက်လည်း ရန်ကုန်နှင့် တောင်ဘက်ရှိ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွမြို့များနှင့် ဆက်သွယ်သွားလာနိုင်ရန် ပဲခူးမြစ်ကူး သန်လျင်-ရန်ကုန် တံတားကိုလည်းကောင်း၊ လှိုင်သာယာသို့ သွားလာနိုင်ရေးအတွက် လှိုင်မြစ်ကိုကူးနိုင်သော ဘုရင့်နောင်နှင့် အောင်ဇေယျတံတားများကိုလည်းကောင်း တည်ဆောက်ထားသည်။

ယခုအခါ မြို့တော်မှ မြောက်ဘက် မှော်ဘီ၊ ပြည်မြို့ဘက် ထွက်နိုင်သည့် ဘုရင့်နောင်-အင်းစိန်၊ ရွှေပြည်သာ၊ မှော်ဘီ၊ ပြည်လမ်းမကြီးကိုလည်းကောင်း၊ ကမ္ဘာအေး၊ တောင်ဥက္ကလာ၊ အမှတ်(၃)လမ်းမ မင်္ဂလာဒုံမှ ပြည်နှင့် ပဲခူးသို့လည်းကောင်း၊ ရန်ကုန်၊ သဃ်္ဃန်းကျွန်း၊ တိုးကြောင်ကလေး၊ အင်းတိုင်၊ ပဲခူးသို့လည်းကောင်း ဆက်သွယ်သွားလာနိုင်သော လမ်းများကို တိုးချဲ့ပြုပြင်ဖောက်လုပ်လျက်ရှိသည်။

မြို့တော်ရန်ကုန်သည် အခြားနိုင်ငံ မြို့တော်များနှင့် နှိုင်းစာလျှင် မတုနိုင်သော သဘာဝကပေးသော အောင်မြေပေါ်တွင် တည်ရှိနေပြီး မြို့တော်ကို လှပသော မြစ်များက ဝန်းရံအလှဆင်ထားသလို မြို့လယ်တွင် အင်းလျားကန်နှင့် ကန်တော်ကြီးတို့က အလှဆင်ထားလျက်ရှိပေသည်။ ရေအလှဝန်းကျင်တွင် ရွှေရောင်ဝင်းနေသည့် မြတ်ရွှေတိဂုံစေတီတော်ကြီး တည်ရှိနေပုံမှာ ဆွတ်ပျံ့ကြည်နူး အံ့သြကြည်ညိုဖွယ်အတိ ဖြစ်လျက်ရှိပေသည်။

မြို့တော်အတွင်း စနစ်တကျ တည်ဆောက်ထားခြင်းမရှိသော ရပ်ကွက်များ၊ ကျူးကျော်ရပ်ကွက်များ၊ ဆောက်လုပ်ထားသောတဲ အဆောက်အအုံများကို မြို့သစ်များတွင် စနစ်တကျ အကွက်ရိုက်၍ နေရာချထားပြီး ကွက်လပ်များတွင် ခေတ်နှင့်အညီ လူနေ အထပ်မြင့်အဆောက်အအုံများ၊ စီးပွားရေးဆိုင်ရာ အဆောက်အုံများ၊ သာသနိက အဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးနှင့် ဌာနဆိုင်ရာ အဆောက်အအုံများ ပူးပေါင်းတည်ဆောက်လိုက်သည့်အတွက် လှပသပ်ရပ်စွာတည်ရှိနေပေပြီ။ ယခင်အဆောက်အအုံဟောင်းများ၊ အန္တရာယ်ရှိနိုင်သော လူနေအဆောက်အအုံဟောင်းများကို ပယ်ဖျက်၍ အဆင့်မြင့်ဟိုတယ်၊ မိုတယ်၊ ဈေး၊ ကွန်ဒိုမီနီယမ်၊ ကုန်တိုက်၊ စီးပွားရေးဆိုင်ရာ အဆောက်အအုံများ တည်ဆောက်လျက်ရှိပေသည်။ လူနေအထပ်မြင့်အဆောက်အအုံ တည်ဆောက်နေမှုနှင့် ပတ်သက်၍ မှတ်တမ်းတင်ထားရာတွင် ၁-၄-၁၉၉၄ ရက်မှ ၃၁-၁၀-၂၀၀၃ ရက်အထိ လူနေအထပ်မြင့်အဆောက်အအုံပေါင်း ၃၇၀၂ ခု ရှိကြောင်း မှတ်တမ်းများဖြင့်ဖော်ပြထားသည်။ ဤမှတ်တမ်းတွင် သုံးထပ်နှင့်အထက် လူနေအဆောက်အအုံများသာဖြစ်သည်။ ဌာနဆိုင်ရာအဆောက်အအုံ၊ စက်ရုံ၊ အလုပ်ရုံ၊ ပညာရေး၊ ကျန်းမာရေး၊ သာသနိကအဆောက်အအုံ၊ ဟိုတယ်၊ မိုတယ်၊ ကုန်တိုက်၊ အထပ်မြင့်ဈေးနှင့် နှစ်ထပ်နှင့်အောက် အဆောက်အအုံများပါရှိခြင်းမရှိပါ။

မကြာသေးမီက ၂၅ထပ်ရှိမည့် လူနေ အထပ်မြင့်အဆောက်အအုံ နှစ်လုံးကို ကမာရွတ်မြို့နယ်နှင့် ဒဂုံမြို့နယ်တို့တွင် အုတ်မြစ်ချပြီး ဆက်လက်တည်ဆောက်လျက်ရှိသည်။ အထပ် ၂၀ ရှိသည့် ကွန်ဒိုမီနီယမ် အဆောက်အအုံ တစ်လုံးကိုလည်း ရွှေတိဂုံဘုရားအနီး ဒဂုံမြို့နယ်တွင် အုတ်မြစ်ချ တည်ဆောက်လျက်ရှိသည်။

လူနေ အထပ်မြင့်အဆောက်အအုံအနေဖြင့် ယခုအထိ ၁၆ ထပ် တစ်လုံး၊ ၁၅ထပ် တစ်လုံး၊ ၁၄ထပ် တစ်လုံး၊ ၁၂ထပ် ၂၃ လုံး၊ ၁၁ထပ် လေးလုံး၊ ၁၀ထပ် ၁၉လုံး၊ ကိုးထပ် သုံးလုံး၊ ရှစ်ထပ် ၁၁၂၉ လုံး၊ ခုနစ်ထပ် ၁၁၇၀ လုံး၊ ခြောက်ထပ် ၈၆၆ လုံး ငါးထပ် ၂၁၂လုံး၊ လေးထပ် ၂၄၃လုံးနှင့် သုံးထပ် အလုံး၃၀ဖြစ်သည်။ အထပ်မြင့် အဆောက်အအုံ အများဆုံးမြို့နယ်မှာ တာမွေမြို့နယ်ဖြစ်ပြီး ၇၈၄ လုံးကို လည်းကောင်း၊ ဒုတိယအများဆုံးမှာ စမ်းချောင်းမြို့နယ်ဖြစ်ပြီး ၅၂၆လုံးကို လည်းကောင်း၊ တတိယ အများဆုံးမြို့နယ်မှာ မင်္ဂလာတောင်ညွန့်မြို့နယ်ဖြစ်ပြီး ၄၄၅လုံးကိုလည်းကောင်း တည်ဆောက်ခဲ့သည်ကို တွေ့ရှိရသည်။

မြို့တော်ရန်ကုန်တွင် ယခင်အခါက ကျောက်မျက်ရတနာပြပွဲများ ပြုလုပ်ရာတွင် အင်းလျားကန်ဟိုတယ်မှလွဲ၍ အဆင့်မြင့်ဟိုတယ်များ နည်းပါးသည့်အတွက် နိုင်ငံခြားဧည့်သည် ၄၀၀လောက် နေရာချထားနိုင်ရေး တွက်ဆခဲ့ရသည်။ ယခုအခါ နိုင်ငံတကာအဆင့်မီ အထပ်မြင့်ဟိုတယ်များ တည်ဆောက်ထားသည့်အတွက် နိုင်ငံတကာမှ ဧည့်သည် မည်မျှပင်လာစေကာမူ တည်းခိုနိုင်သည့် ဆင့်မြင့်ဟိုတယ်များပင် ဖြစ်သည်။

အထပ်မြင့် လူနေအဆောက်အအုံများ အဆင့်မြင့်မားရေး၊ ပုံစံလှပသပ်ရပ်ရေး၊ ခိုင်ခံ့ရေး၊ ဘေးအန္တရာယ် မဖြစ်စေရေး၊ မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာရှိ ပညာရှင်များ ညှိနှိုင်းပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း မြို့တော်တစ်ခွင် တည်ဆောက်ပြုပြင်မှုများကို ဖော်ပြအပ်ပါသည်။ ။

အထက်မင်းလှနှင့် မင်းဘူးမြို့မန်းရေနံမြေ မျက်စိအထူးကုအဖွဲ့ ကွင်းဆင်းကုသ

မင်းဘူး ဒီဇင်ဘာ ၂၀

မကွေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနှင့် တိုင်းကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် မင်းဘူးမြို့ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာအောင်ဆန်းဝင်းနှင့်အဖွဲ့သည် ဒီဇင်ဘာ ၁၂ရက်က မင်းလှမြို့ပြည်သူ့ဆေးရုံ၌ မျက်စိဝေဒနာရှင်များအား မျက်စိစစ်ဆေးစမ်းသပ်ကုသပေးသည်။

(အပေါ်ပုံ)

ခွဲစိတ်ကုသမှုခံယူရန် လိုအပ်သောမျက်စိဝေဒနာရှင် ၂၄ဦးအား မကွေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ၏ ပံ့ပိုးကူညီမှုဖြင့် မင်းဘူးမြို့ မျက်စိကုဌာန၌ ဒီဇင်ဘာ ၁၇ ရက်က အခမဲ့ခွဲစိတ်ကုသပေးသည်။ မျက်စိအထူးကုအဖွဲ့သည် ဒီဇင်ဘာ ၁၀ရက်က မင်းဘူးမြို့ မန်းရေနံမြေခန်းမ၌ ဝန်ထမ်းမိသားစု ၂၂၂ဦးတို့အား မျက်စိစစ်ဆေးစမ်းသပ်ကုသပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော မျက်စိဝေဒနာရှင် ၂၆ဦးအား အခမဲ့ခွဲစိတ်ကုသမှု ခံယူနိုင်ရန် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(က-ပ)**

ဒီဇင်ဘာ ၁ရက်က မကွေးမြို့နယ် နွားကူးကျေးရွာတွင် ကျေးလက်ဒေသ တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ရန်အတွက် ပန္နက်စိုက်ရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့်တာဝန်ရှိသူများ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကျေးရွာအလကကျောင်းဆောင်သစ်ဖွင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

တိုက်ကြီး ဒီဇင်ဘာ ၂၃

တိုက်ကြီးမြို့နယ်တာခွကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းနှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့်ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၀ရက် နံနက်က အဆိုပါကျောင်း၌ ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ကျင်းပရာ ကျောင်းသူကလေးများက ပန်းဖွားအက၊ ကဗျာလွတ်အကတို့ကို ကျောင်းသား ဘင်ခရာအဖွဲ့နှင့် တွဲဖက်ပြီး မြန်မာ့ကျောင်း သီချင်းဖြင့်ကပြဖျော်ဖြေကြသည်။

ထို့နောက် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ အမှတ် (၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ညွှန်ကြားရေးမှူးချုပ်ဦးအေးကြူနှင့် အလှူရှင် ဦးသိန်းဦးတို့က ရွှေကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အမြို့မြို့ အနယ်နယ် သတင်းများ

ထို့နောက် နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို အဆိုပါကျောင်းရှိ သိရိမင်္ဂလာ ခန်းမ၌ကျင်းပရာ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက အဖွင့်အမှာစကားပြောကြားပြီး နှစ်ထပ်ကျောင်းဆောင်သစ် အလှူရှင် ဦးသိန်းဦးကကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အမှတ်(၃) အခြေခံပညာ ဦးစီးဌာန (ရန်ကုန်မြို့တော်) ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူသို့ အလှူရှင်ဦးသိန်းဦးက ငွေကျပ်သိန်း ၁၂၀တန်ဖိုးရှိသော နှစ်ထပ်ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်၍ ညွှန်ကြားရေးမှူးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။ ဆက်လက်၍ အလှူငွေများ ပေးအပ်လှူဒါန်းရာ ရန်ကုန်မြို့တော်ဝန်က အလှူရှင်ဦးသိန်းဦး၊ ဒေါ်ခင်ခင်စိန်မိသားစု လှူဒါန်းငွေကျပ် ၅၃၆၀၀၀ နှင့် အလှူရှင်များလှူဒါန်းသည့် အလှူငွေများကို လက်ခံသည်။ **(က-ပ)**

ရေရရှိရေးလုပ်ငန်းများ ခရိုင်ဥက္ကဋ္ဌစစ်ဆေး

ကျောက်တန်း ဒီဇင်ဘာ ၂၃

ရန်ကုန်တောင်ပိုင်း ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်လှိုင်သည် ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များ လိုက်ပါလျက် ဒီဇင်ဘာ ၇ ရက်က သန်လျင်မြို့နယ်ညောင်လေးပင်ကျေးရွာအုပ်စု ကံသာမြင့်ကျေးရွာအနီးရှိခရမ်းချောင်းရေထိန်း တံခါး တည်ဆောက်နေမှုနှင့် ချောင်းပိတ် တမံများ ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နွေစပါး တိုးချဲ့စိုက်ပျိုးရေးနှင့် ကျေးရွာများ သန့်ရှင်း သာယာအောင် ဆောင်ရွက်ရေးတို့ကို ကွင်းဆင်း ဆောင်ရွက်ပေးသည်။ဆက်လက်၍ ခရိုင် ဆည်မြောင်းဦးစီးမှူး ဦးသိန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဖော်လင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးကျော်ကျော်၊ ဆည်မြောင်း ဦးစီးမှူး ဦးဝင်းကြည်နှင့်မြေစာရင်းဦးစီးအရာရှိဦးအောင်သက်ဦးတို့သည် ဇာမဏီဆည်ရေကို အသုံးပြု၍ နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ရန် ဘုရားကုန်းနှင့် အလွမ်းဆွတ်ကျေးရွာရှိတမံပိတ်ချက်(၃)ခုအမြန် ဆောင်ရွက်ပြီးစီးရေး တို့ကို ကွင်းဆင်း ဆောင်ရွက်ကြသည်။ **(က-ပ)**

လူထုကျန်းမာရေးလုပ်သား သင်တန်းဆင်း

အင်းတော် ဒီဇင်ဘာ ၁၈

အင်းတော်မြို့နယ် ကျန်းမာရေး ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော လူထုကျန်းမာရေးလုပ်သား သင်တန်း အမှတ်စဉ် (၁/၂၀၀၃)ဆင်းပွဲကို ဒီဇင်ဘာ ၇ ရက် နံနက်က အင်းတော်မြို့နယ် ပြည်သူ့ဆေးရုံခန်းမတွင် ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိန်သောင်းနှင့် မြို့နယ် ဆရာဝန် ဒေါ်ပြုံးတို့က သင်တန်းဆင်းအမှာစကားပြောကြားကြကာ သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်သည်။ **(၁၃၃)**

(၅၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြု ကျပန်းစကားပြောပြိုင် ဆုချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၂၄

ရန်ကုန် အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက (၅၉)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျပန်းစကားပြောပြိုင်ပွဲကို ဒီဇင်ဘာ ၁၉ရက် နံနက် ၈နာရီက အထက(၂)စပါယ်ခန်းမတွင် ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** အသင်းဗဟို အလုပ်အမှုဆောင် နယ်မြေတာဝန်ခံ ဦးအောင်မင်းက ဂုဏ်ပြုစကားပြောကြားသည်။

ဆက်လက်၍ အစီအစဉ်အရ ကျောင်းသား ကျောင်းသူလေးများ ကျပန်းစကားပြောပြိုင်ပွဲပြုလုပ်ရာအနိုင်ရရှိ သူများအား တာဝန်ရှိသူများက ဆုချီးမြှင့်ကြောင်းသိရသည်။ **(၁၂၉)**

လှိုင်မြို့နယ်တွင် နယ်လှည့်စာကြည့်တိုက်ဖွင့်

ရန်ကုန် ဒီဇင်ဘာ ၂၄

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်၊ ဓာတ်ပုံနှင့် နံရံကပ်စာစောင်ပြပွဲ၊ ဟောပြောပွဲနှင့်အကျိုးပြုဗီဒီယို ဇာတ်ကားများပြသခြင်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၂ရက်က လှိုင်မြို့နယ် အမှတ်(၃) ရပ်ကွက်၌ ကျင်းပရာ လှိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(အောက်ပုံ)

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးတင်ကိုက လွတ်လပ်ရေးကြိုးပမ်းမှုနှင့် မြန်မာစာပေအကြောင်း ဟောပြောကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

